# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် | ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (ဝ၆၇)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးတွင် အမှာစကားပြောကြား



## စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ကျပ်ငွေ ငါးသိန်းအဖြစ် အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့

## စပါးဝယ်ယူရန်လိုအပ်လာပါက နိုင်ငံတော်မှ လည့်ပတ်ရန်ပုံငွေကျပ် ၁၅ ဘီလီယံကို သုံးစွဲခွင့်ပြုထား

နေပြည်တော် ဒီဇင်ဘာ ၅

**တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ

*စာမျက်နှာ ၃ ကော်လံ ၁ ✻*

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်






# သုတေသနကို အားပေးကြဖို့ . . .

ဝေဖန်သူတွေ လက်လွတ်စပယ်ပြောကြားသော ပညာရှင်တွေ၊ ပညာတတ်တွေဆိုတာ စီးပွားရေးပြဿနာတွေ အခက်အခဲဆိုတာတွေကို နားလည်ကြတာမဟုတ်ဘူး၊ လုပ်ငန်းအကောင်အထည်ဖော်ရခက်အောင် ရှုပ်နေကြတာ။ မြန်မာတွေဆိုတာ ဘာစာနာစိတ်၊ ဘာကိုယ်ချင်းစာစိတ်မှ ရှိကြတာမဟုတ်ဘူး၊ သာသလို နေချင်ကြသူတွေ၊ ရရင်ရသလို ခုတ်မယ် ထစ်မယ် လှီးမယ်ဆိုတဲ့သူတွေချည်းပဲစသည့် စကားများကို မကြာခဏဆိုသလို လူမှုအဖွဲ့အစည်းထဲတွင် ကြားရလေ့ရှိသည်။

ကိုယ်တွေ့ကြုံရသည့် ဆရာဝန်တစ်ဦး၏ ဆက်ဆံပြောဆိုမှုကို မူတည်ကာ ဆရာဝန်များဆိုသည်မှာ သည်လိုစကားပြောတတ်သည်၊ မည်သို့ဆိုတတ်သည် မည်သို့နှံ့စပ် သိမြင်တတ်သည် စသည်ဖြင့် ဆရာဝန်အားလုံးကို ယေဘုယျပြု ကောက်ချက်ချတတ်ကြ၏။

အများအားဖြင့်တော့ ထိုထိုသောစကားအများစုသည် မိမိနှင့်နီးစပ်ရာ တွေ့မြင်သိကျွမ်းရာတို့မှ အတွေ့အကြုံကို အခြေပြု၍ ယေဘုယျပြုလုပ်ကြသည်ကများ၏။ ထိုသို့သော လွယ်ကူရာ ကောက်ချက်ချသည့် အလေ့အထအစား အချက်အလက်ပေါ် အခြေခံဆန်းစစ်သည့်အနေဖြင့် ဆရာဝန်များအားလုံးထဲက မည်ရွေ့မည်မျှကို သုတေသနထုံးနှင့်အညီ စနစ်တကျစာရင်းပြုစုရွေးချယ်ကာ ဆန်းစစ်လေ့လာ၍ သိအောင်ပြုလုပ်ပြီး အဖြေထုတ်ခြင်းမျိုးဖြစ်လျှင် ပိုမိုသင့်လျော်မည်ဟု ယူဆပါသည်။ နိုင်ငံရေးသမားများကို ဝေဖန်ပြောဆိုလိုက်သည့်အခါ သခင်အောင်ဆန်းတို့လို ကိုယ်ကျိုးမကြည့်သည့် နိုင်ငံရေးသမားများကိုဖယ်ကာ ကောက်ချက်ချဖို့ မဖြစ်နိုင်သကဲ့သို့ သန်းခြောက်ဆယ်သော မြန်မာနိုင်ငံသားတို့ကို အခြေခံ၍ သုတေသနပြုထားခြင်းမျိုးမဟုတ်ဘဲ မြင်ဖူးတွေ့ဖူးသူ အချို့၏ အမူအကျင့်ကို ကောက်ယူကာ မြန်မာဟူသည် ဤသို့ဟူ၍ ယေဘုယျပြုခြင်းမျိုးက ခေတ်မမီတော့ဟု ဆိုရပါမည်။

သုတေသနပြုမှု အားကောင်းလှသော နိုင်ငံတကာရှိ သုတေသနဗဟိုဌာနကြီးများ၏ ဆန်းစစ်ချက်၊ ကောက်နုတ်ချက်၊ အဖြေထုတ်ချက်တို့ကို လူအများက လေးစားကြခြင်းကို သတိထားကြည့်လျှင် သိနိုင်ပါသည်။ ထိုသို့ စနစ်တကျလေ့လာချက်များဖြင့် အဖြေထုတ်ထားမှုများဟူသည်ပင် ကာလတစ်ခုကြာလာသည့်အခါ ပြန်လည်စစ်ဆေးရန်လိုအပ်လာသည့် သာဓကများက အများအပြားရှိနေလေသည်။ သုတေသနဟူသည်က ရှင်သန်နေသည့်အရာဖြစ်သည်။

ထိုသို့သောအကြောင်းများကြောင့်ပင် တက္ကသိုလ်ကြီးများမှ သုတေသနဌာနများကို နိုင်ငံတကာက ငွေကြေးတတ်နိုင်သူ ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများ၊ အစိုးရများတို့က နည်းမျိုးစုံဖြင့် ကူညီထောက်ပံ့ပေးနေခြင်း ဖြစ်ပေသည်။ တက္ကသိုလ်ဆရာ ဆရာမများ၊ ပါမောက္ခများဟူသည် သုတေသနပြုစုခြင်း၊ တွေ့ရှိချက်များ၊ ကောက်ချက်များ၊ ဆန်းစစ်ချက်များကို စာတမ်းများတင်ပြခြင်းတို့ကို မဖြစ်မနေ လုပ်ဆောင်ကြရသည်။ ယင်းသို့လုပ်ဆောင်ခြင်းကလည်း ကျောင်းသား ကျောင်းသူတို့ကို စာသင်ကြားခြင်းနှင့် ထပ်တူထပ်မျှ အရေးပါနေသည်ပင်။

ယနေ့ခေတ်က နည်းပညာအပြောင်းအလဲ၊ သဘာဝပတ်ဝန်းကျင်အနေအထားအပြောင်းအလဲ၊ လူဦးရေ ပေါက်ကွဲတိုးတက်မှု အပြောင်းအလဲ၊ ယဉ်ကျေးမှုချင်း ကူးလူးဆက်ဆံရာက ပေါ်ပေါက်လာသော လူမှုဆက်ဆံရေး အပြောင်းအလဲ၊ လူတို့၏ နေထိုင်စားသောက်သွားလာမှုပုံစံအပြောင်းအလဲ စသည်တို့ကြောင့် ပြောင်းလဲပေါ်ပေါက်လာသည့် အသစ်အသစ်သော တွေ့ရှိရမှုများပေါ်တည်ကာ လူမှုအဖွဲ့အစည်းက လိုက်လံပြောင်းလဲနေရသည်တို့ ရှိနေသည်ပဲဖြစ်၏။

အသစ်အသစ်သော ရောဂါတို့ကို ရင်ဆိုင်ရန်အလို့ငှာ၊ ရာသီဥတုဖောက်ပြန်လာမှုများကို ကျော်လွှားနိုင်ရန်အလို့ငှာ၊ သဘာဝဘေးဒဏ်တို့၏ အန္တရာယ်အမျိုးမျိုးတို့ကို ကာကွယ်နိုင်ရန်အလို့ငှာ၊ ယဉ်ကျေးမှုကူးလူးဆက်ဆံခြင်းတို့က ပေါ်ထွက်လာသော ဘေးထွက်ဆိုးကျိုးတို့ကို သိမြင်ရန်အလို့ငှာ၊ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အထွေထွေသော လူမှုဝန်းကျင်တစ်ခုလုံး၏ ပြောင်းလဲလာမှုများကို မျက်နှာချင်းဆိုင်ကြနိုင်ရန်အလို့ငှာ သုတေသနလုပ်ငန်းများက တစ်နေ့တခြား အရေးကြီးသည်ထက် ကြီးလာနေပြီ။

ဝါးလုံးခေါင်းထဲ လသာနေရုံမျှဖြင့်မရ၊ မိမိရောက်ရှိနေသည့် ဥစ္စာထဲက မြင်နေရရုံမျှဖြင့် အနာဂတ်ခရီးကို ချောချောမွေ့မွေ့ လျှောက်လှမ်းနိုင်ဖို့ မလွယ်တော့ပြီ။

ကိုယ်သိသမျှ၊ မြင်သမျှကို ကျော်လွှားကာ နိုင်ငံတကာအမြင်ဖြင့် လက်တွေ့လောကကြီးကို ရှုမြင်သုံးသပ်ကြရတော့မည်ဟု တင်ပြလိုက်ရပါကြောင်း။ ။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## နှစ်အလိုက် မဟာဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်နိုင်မှုအခြေအနေ




## မြန်မာတစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ၅၀ ရာခိုင်နှုန်း ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိအောင် ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**



မြန်မာတစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ၅၀ ရာခိုင်နှုန်း ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ရည်မှန်းချက်များ သတင်းထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးသူရအောင်ဘိုက မြန်မာတစ်နိုင်ငံလုံးရှိ အိမ်ထောင်စုအရေအတွက်ပေါင်း ၁၀၈၇၇၈၃၂ စု ရှိသည့်အနက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၌ ဓာတ်အားစနစ်မှ အိမ်ထောင်စုအလိုက် ဓာတ်အားရရှိမှုမှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း အိမ်ထောင်စု စုစုပေါင်း ၅၄၄၈၇၀၆ စု ဓာတ်အားရရှိပြီးဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်သွားရန် ရေးဆွဲထားသော စီမံချက်များအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အိမ်ထောင်စုပေါင်း ၅ ဒသမ ၉၈ သန်း (၅၅ ရာခိုင်နှုန်း)၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အိမ်ထောင်စုပေါင်း ၈ ဒသမ ၂၆ သန်း(၇၅ ဒသမ ၉၅ ရာခိုင်နှုန်း)၊ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်တွင် အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၄၅ သန်း (၉၆ ဒသမ ၀၇ ရာခိုင်နှုန်း) ဓာတ်အား ရရှိနိုင်မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၈ သန်းအနက် ဓာတ်အားစနစ်ဖြင့် လက်လှမ်းမမီနိုင်သည့် ကျန်အိမ်ထောင်စု ၀ ဒသမ ၄၃ သန်း (၃ ဒသမ ၉၃ ရာခိုင်နှုန်း) အား ဓာတ်အားစနစ်ပြင်ပ (အခြားနည်းလမ်းများ)ဖြင့် ဓာတ်အားရရှိရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် လာမည့် ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်များ၌ မြန်မာတစ်နိုင်ငံလုံး အိမ်ထောင်စုများ၏ ၅၀ ရာခိုင်နှုန်း ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ပေးနိုင်ခြင်း အထိမ်းအမှတ် အခမ်းအနားများကို နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**သတင်းစဉ်**

## မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ ဇန်းမော်မြို့တွင်ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ၂၀၂၀ ခုနှစ် ဇန်နဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကချင်ပြည်နယ် ဇန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံအစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့်တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ပါဝင်မည်ဖြစ်ရာ ဇန်းမော်ခရိုင်အတွင်းရှိ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များ အပါအဝင် အခြားနီးစပ်ရာဒေသများမှ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များလည်း အခမ်းအနားသို့ အခမဲ့တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများ အနေဖြင့် ဖုန်းနံပါတ် ၀၆၇-၇၉၂၁၅၊ ၀၆၇-၇၉၃၇၄၊ ဖုန်းနံပါတ် ၀၉-၄၀၀၆၀၄၀၃၃ နှင့် ၀၉-၄၀၀၆၀၅၀၃၃တို့သို့ ဆက်သွယ်၍ အခမဲ့စာရင်းပေးသွင်းနိုင်ကာ ဇန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင်လည်း လျှောက်လွှာများ အခမဲ့ရယူပြီး ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။ မြန်မာ့အသံချစ်သူအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အဖွဲ့ဝင်သစ်အဖြစ် အခမဲ့ဝင်ရောက်နိုင်ပြီး အခမ်းအနား တက်ရောက်ရန် စာရင်းပေးသွင်းနိုင်ကြသည်။

အခမ်းအနားတွင် Co-Sponsor အဖြစ် ပါဝင်ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်းနံပါတ် ၀၆၇-၇၉၃၇၄၊ ၀၉-၄၂၀၇၀၂၇၉၆၊ ၀၉-၄၃၀၈၆၁၁၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ညအပူချိန်များ လျော့နည်းနေမည်

**နေပြည်တော် ဒီဇင်ဘာ ၅-** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။ **မိုး/ဇလ**

✻ ရှေ့ဖုံးမှ

ဦးကျော်ကျော်မောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ၊ ဖိတ်ကြားထားသူများ နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံ၏ အဓိကသီးနှံဖြစ်သည့် ဆန်၊ စပါး ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခုဖြစ်ပေါ်နေသော ပြည်ပဝယ်လိုအား ကျဆင်းခြင်းကြောင့် အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ပေးရန် လိုအပ်ချက်ကြောင့် ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သုံးသပ်အကြံပြုတင်ပြရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး ထုတ်လုပ်မှုကုန်ကျစရိတ် တွက်ချက်သုံးသပ်စေ၍ ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် အခြေခံရည်ညွှန်း စပါးဈေးနှုန်းကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

အဆိုပါ ထုတ်ပြန်ကြေညာချက်အပေါ် အကောင်အထည်ဖော် နိုင်ရေးနှင့် သကြားကဏ္ဍ၊ ငါး၊ ပုစွန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ဦးဆောင်အဖွဲ့ဝင်များမှ ယခုကျင်းပသည့် အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်သွားကြရန် ဦးဆောင်အဖွဲ့၏ စုံညီအစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း။

ဦးဆောင်အဖွဲ့အနေဖြင့် ဥပဒေပုဒ်မ(၂၃) အရ ဝယ်ယူမည့် လယ်ယာထုတ်ကုန် အမျိုးအစားနှင့် အစီအစဉ်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူ၍ စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ကျပ်ငွေ ငါးသိန်းအဖြစ် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း၊ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်သည် ဈေးကွက်ပေါက်ဈေးက အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်ကို ကျဆင်းနေပါက အခြေခံရည်ညွှန်းစပါးဈေးအတိုင်း ဝယ်ယူပေးခြင်းအားဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ရန် ဖြစ်ပါကြောင်း။

စပါးဝယ်ယူရန်လိုအပ်လာပါက နိုင်ငံတော်မှ လှည့်ပတ်ရန်ပုံငွေကျပ် ၁၅ ဘီလီယံကို သုံးစွဲခွင့်ပြုထားပေးပြီး ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ စပါး/ဆန်ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့များအနေဖြင့် မိမိတို့ဒေသအတွင်း စပါးဝယ်ယူရန် လိုအပ်ပါက လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြဆောင်ရွက်သွားနိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ကြီးကြပ်ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း။

### တန်ချိန်နှစ်သိန်းမှ စတင်ခွင့်ပြု

ထို့ပြင် ပြည်တွင်း၌ စပါးလက်ကျန် များပြားမှုကြောင့် ဈေးနှုန်းကျဆင်းခြင်းကို ထိန်းကျောင်းနိုင်ရန် လုံးသွယ်အမျိုးအစားစပါးကို စပါးအတိုင်း ပြည်ပသို့တင်ပို့ရောင်းချခွင့်ကိုလည်း ၂၀၁၉ ခုနှစ် အောက်တိုဘာမှ ဒီဇင်ဘာအထိ တင်ပို့ခွင့်လိုင်စင် ခွင့်ပြုပေးမည်ဖြစ်ပြီး တန်ချိန် နှစ်သိန်းမှ စတင်ခွင့်ပြုမည်ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်နေ့ အပြီးတင်ပို့ရန်နှင့် လိုအပ်ပါက တန်ချိန် ငါးသိန်းအထိ တင်ပို့ခွင့်ပြုမည် ဖြစ်ပါကြောင်း၊ လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ရာတွင် ဆန်စပါးအပြင် လက်ရှိဖြစ်ပေါ်နေသည့် သကြားဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှုမရှိခြင်း၊ ဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် ကြံစိုက်ပျိုးသူနှင့် သကြားစက်ရုံပိုင်ရှင်တို့ နှစ်ဦးနှစ်ဖက် အကျိုးအမြတ် ညီညွတ်မျှတအောင် စီမံဆောင်ရွက်ပေးနိုင်ရေးလည်း လိုအပ်လျက်ရှိပါကြောင်း၊ သို့မှသာ ကြံစိုက်ပျိုးထုတ်လုပ်မှု မကျဆင်းဘဲ ကြံစိုက်တောင်သူများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

> "၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်နေ့အပြီး တင်ပို့ရန်နှင့် လိုအပ်ပါက တန်ချိန် ငါးသိန်းအထိ တင်ပို့ခွင့်ပြုမည်ဖြစ်ပါကြောင်း၊ လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ရာတွင် ဆန်စပါးအပြင် လက်ရှိဖြစ်ပေါ်နေသည့် သကြားဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှုမရှိခြင်း၊ ဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် ကြံစိုက်ပျိုးသူနှင့် သကြားစက်ရုံပိုင်ရှင်တို့ နှစ်ဦးနှစ်ဖက် အကျိုးအမြတ် ညီညွတ်မျှတအောင် စီမံဆောင်ရွက်ပေးနိုင်ရေးလည်း လိုအပ်လျက်ရှိ"

ပြည်တွင်းသကြားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည် တိုးမြှင့်လာစေရန်အတွက် ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သည့် Sugar Forum မှ တင်ပြချက်အရ Re – export သကြားလက်ကျန်များအား ပြည်တွင်းသို့ ပြန်လည်ရောင်းချမှု မရှိစေရေး၊ တရားမဝင်သကြားများ ပြည်တွင်းဝင်ရောက်မှု မရှိစေရေး၊ ပြည်ပမှ တင်သွင်းသည့် Import Sugar တင်သွင်းရာတွင်လည်း အမှန်တကယ် လိုအပ်ချက်ကိုသာ တင်သွင်းနိုင်ရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများက စီမံကြီးကြပ်ဆောင်ရွက်သွားနိုင်ရေး အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း။

လက်ရှိအခြေအနေအရ သကြားဈေးကျဆင်းနေခြင်း၊ သကြားလက်ကျန်များ ကျန်ရှိနေခြင်းတို့ကြောင့် ယခု ကြံကြိတ်ဝါးရာသီတွင် ယခင်နှစ် ကြံဈေးနှုန်းထက် တစ်တန်လျှင် ကျပ်၂၀၀၀ မှ ကျပ် ၅၀၀၀ အထိ လျော့ချဝယ်ယူနေသည့်အတွက် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သကြားစက်ရုံပိုင်ရှင်နှင့် တောင်သူများအကြား ညှိနှိုင်းဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း။

### ရေထွက်ပစ္စည်းများတင်ပို့

မွေးမြူရေးကဏ္ဍတွင် ရေထွက်ပစ္စည်းနှင့် ငါး၊ ပုစွန်မွေးမြူရေးကဏ္ဍသည် လက်ရှိအခြေအနေတွင် အလားအလာကောင်းများ ရှိနေပါကြောင်း၊ ရေထွက်ပစ္စည်းများ တင်ပို့မှုတွင် တိုးတက်မှုရှိသည်ကို တွေ့ရပါကြောင်း၊ မြန်မာ့ရေထွက်ပစ္စည်းများကို လက်ရှိတွင် နိုင်ငံပေါင်း ၄၀ ကျော်ကို တင်ပို့လျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်မှစ၍ EU ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့ရာ လက်ရှိကာလအထိ ငါး၊ ပုစွန်ပြုပြင်စက်ရုံ ၂၅ ရုံမှ ထုတ်လုပ်သော ရေထွက်ပစ္စည်းများကို တင်ပို့လျက်ရှိပါကြောင်း။

အမျိုးသားအဆင့် ဓာတ်ကြွင်းထိန်းချုပ်မှု အစီအမံ (National Residue Monitoring Plan – NRMP) ကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး (NRMP)တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် စက်ရုံ ၁၇ ရုံမှ မွေးမြူရေး ရေထွက်ကုန်များကိုလည်း တင်ပို့ခွင့်ရရှိပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံများမှ သတ်မှတ်ထားသော စည်းမျဉ်းများနှင့် စံချိန်စံညွှန်း ကိုက်ညီစေရေးအတွက်လည်း ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် လိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငါး၊ ပုစွန်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ပို့ကုန်များကို တန်ဖိုးမြှင့် တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

### ကျေးလက်ဒေသဆင်းရဲမှုလျှော့ချ

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ (ငါးကဏ္ဍ) စီမံကိန်းကို ကျေးရွာတစ်ရွာလျှင် ငွေကျပ် သန်း ၃၀ စီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တောင်သူလယ်သမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းနိုင်စေရန်နှင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေတွင် ဥပဒေ၏ အားနည်းချက်များကို သုံးသပ်၍ ခေတ်ကာလနှင့် လျော်ညီစွာ ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်စေရန်အတွက် ပြန်လည်ပြင်ဆင်နိုင်ရေး ဆောင်ရွက်ခဲ့ရာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်၏ သဘောထားကွဲလွဲမှုရှိသည့် ဥပဒေပုဒ်မပေါင်း (၉)ခုအတွက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ရာ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြီးပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေအား မကြာမီကာလတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာတွင် ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတုဖြစ်စဉ်များအရ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းမှု ပုံစံမမှန်ခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို နှစ်စဉ်စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ရန်ပုံငွေမှ လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အရေးပေါ်ရန်ပုံငွေမှ လည်းကောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### နှစ်စဉ်ပံ့ပိုးကူညီဆောင်ရွက်

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သည့် "သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန်"ဟု ပြဋ္ဌာန်းပါရှိသည့် အားလျော်စွာ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူလယ်သမားများအား နှစ်စဉ်ပံ့ပိုးကူညီဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း သီးနှံပျက်စီးဧက ၃၇၉၉၆၄ ဒသမ ၁၄ ဧကအတွက် အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၇၃၂၂ ဒသမ ၆၈၅၇ သန်းကို တောင်သူများထံ ပေးအပ်ခဲ့ပြီး သီးနှံပျက်စီးဧက ၃၀၂၃၁၅ ဧကအတွက် အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၃၀၂၀ ဒသမ ၁၅၀ သန်းကို တောင်သူများထံသို့ ပေးအပ်နေဆဲဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးမှုများကို အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ကူညီပေးရန်အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်တစ်ခုတည်းကသာမကဘဲ ဦးဆောင်အဖွဲ့မှ အမိန့်ထုတ်ပြန်ဖွဲ့စည်းပေးပြီးဖြစ်သည့် "လုပ်ငန်းကော်မတီများ" ၊ "လုပ်ငန်းအဖွဲ့များ"အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါ ပူးပေါင်းပါဝင်စေလျက် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။

### အခြေခံရည်ညွှန်းစပါးဈေးနှုန်းဖြင့် ဝယ်ယူ

ဆက်လက်၍ ဦးဆောင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် ရေတိုရေရှည် ဆောင်ရွက်ရန် အကြံပြုချက်များ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အခြေခံရည်ညွှန်းစပါးဈေးနှုန်းဖြင့် စပါးဝယ်ယူရေးအတွက် စီစဉ်ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် အထွက်နှုန်းတိုးတက်ရေး၊ ဈေးကောင်းရရှိရေး၊ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရေး၊ တားဆီးကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ စီမံချက်များ ရေးဆွဲဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ ဒေသအလိုက် ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးတင်ပြချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဆုံးဖြတ်ရန် အချက်များအား ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ စုံညီအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ချုပ်နှင့် တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဖော်ဆောင်ရာတွင် လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်နိုင်ရန် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၅)ကို အာဆီယံအထောက်အကူပြုမဟာဗျူဟာစီမံချက် ၂၀၂၅နှင့် ကိုက်ညီအောင် ဆောင်ရွက်နေမှုများ၊ ယင်းမဟာဗျူဟာကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ချုပ်က ကျင်းပမည့် မသန်စွမ်းအနုပညာပွဲတော်၌ အဆိုပါမဟာဗျူဟာကို ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပွဲတော်သို့ မသန်စွမ်းသူများ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ် ဟာနားမောတိုးလ်ဗားအား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - ချက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်ချင်း ပိုမိုခိုင်မာစွာ ဆက်သွယ်ဆောင်ရွက်ရေး၊ ပြည်ထောင်စုအဆင့် လွှတ်တော်များသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စစ် ဟာနားမောတိုးလ်ဗားအား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်းခြင်း အခမ်းအနားတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၅**

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် Feria de Madrid ရှိ Exhibition Centre ၌ ကိုရီးယားသစ်တောဌာနမှ ဦးဆောင်၍ ရာသီဥတုပြောင်းလဲမှု လျှော့နည်းသက်သာစေရေးအတွက် အထောက်အကူပြုစေသည့် သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်းခြင်း ခေါင်းစဉ်ဖြင့် ကျင်းပသည့် အခမ်းအနားသို့ တက်ရောက်သည်။(ယာပုံ)



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးအတွက် မူဝါဒများရေးဆွဲ၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သကဲ့သို့ ကုလသမဂ္ဂကွန်ဗင်းရှင်းများ၏ သဘောတူဆုံးဖြတ်ချက်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀)နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောများ ပြန်လည်ဖြစ်ထွန်းလာမှုနှင့်အတူ ဒေသခံများ၏ လူမှုစီးပွားရေးဘဝကို မြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုပေးသည့် ကိုရီးယားသစ်တောဌာနကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် သစ်တောဦးစီးဌာန၏ ရေဆင်းသစ်တောသုတေသနဌာန ညွှန်ကြားရေးမှူးက မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သစ်တောပြုန်းတီးပျက်စီးခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းနှင့် သစ်တောထိန်းသိမ်းခြင်း စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် အတွေ့အကြုံများ၊ ကမ္ဘောဒီးယားနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ၎င်းတို့၏ REDD+ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အတွေ့အကြုံများ၊ ရည်မှန်းချက်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် CIFOR နှင့် Wildlife Works မှ ပညာရှင်များက နိုင်ငံတကာအတွေ့အကြုံများကို ဆွေးနွေးတင်ပြကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် နံနက်ပိုင်းတွင် Feria de Madrid ရှိ World Wide Fund for Nature (WWF) Pavilion ၌ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍမှ ရရှိနိုင်မည့် အခွင့်အလမ်းများခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ၊ နယူးဇီလန်နိုင်ငံ၏ Impact of Climate Change on Pacific Blue Economies ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၊ အင်္ဂလန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုနှင့် ပင်လယ်သမုဒ္ဒရာရှိ သက်ရှိအဖွဲ့အစည်းများအပေါ် အကျိုးသက်ရောက်မှုဆိုင်ရာ သုတေသနစာတမ်းများ ဖတ်ပွဲတို့ကို တက်ရောက်လေ့လာခဲ့သည်။

**သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ DBE Box (K–12 Digital Teaching Resources) ရွှေ့ပြောင်းစမ်းသပ်တပ်ဆင်မှု မိတ်ဆက်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ DBE Box (K–12 Digital Teaching Resources) ရွှေ့ပြောင်းစမ်းသပ် တပ်ဆင်မှု မိတ်ဆက်အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေး မဟာဗျူဟာ (၂၀၁၆–၂၁) ချမှတ်၍ မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိနေသော်လည်း သင်ကြားရေး ဆရာ ဆရာမ လိုအပ်ချက်၊ ပိုမိုကောင်းမွန်သော သင်ယူမှုဝန်းကျင်၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုနှင့် ဆရာ ဆရာမများအတွက် စွမ်းဆောင်ရည်မြှင့်တင်မှု စသည်တို့တွင်လည်း တိုးတက်ကောင်းမွန်ရန် လိုအပ်ချက်များ၊ စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါကြောင်း၊ ယင်းအခက်အခဲနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် အခြေခံပညာဦးစီးဌာနရှိ စာသင်ကျောင်းများမှ ဆရာ ဆရာမများအတွက် KG, Grade 1, Grade 2, Grade 3 နှင့် သက်ဆိုင်သော စာအုပ်များ၊ သင်ခန်းစာများ၊ ဆရာကိုင်နှင့် အထွေထွေသင်ကြားရေး အထောက်အကူပြုစာအုပ်များ၊ ပညာရေးဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အလွယ်တကူ လေ့လာနိုင်ရန်အတွက် အင်တာနက် အသုံးပြုရန် မလိုအပ်သော DBE Box များအား တပ်ဆင်ပေးသွားရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

အဆိုပါ DBE Box များတွင် နိုင်ငံတကာတက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများမှ ရေးသားပြုစုထားသော Creative Commons License ရရှိထားသော သင်ကြားသင်ယူမှု အထောက်အကူပြုသင်ထောက်ကူများကိုလည်း ထည့်သွင်းပေးထားပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများနှင့် သင်ကြားသင်ယူမှု အရင်းအမြစ်များကို Smart Phone ဖုန်းများ၊ Tablet များဖြင့် လေ့လာကြည့်ရှု အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စမ်းသပ်တပ်ဆင်ထားသော ကျောင်းများ၏ နေ့စဉ်အသုံးပြုမှု အခြေအနေများကို စစ်တမ်းကောက်ယူခြင်း၊ သုံးစွဲစဉ်ကြုံတွေ့ရသည့် အခက်အခဲများနှင့် အားသာချက်၊ အားနည်းချက်များအား ပြန်လည်သုံးသပ်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုးချဲ့တပ်ဆင်သွားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားသည် ပညာရေးဝန်ကြီးဌာန၏ နည်းပညာအခြေပြု ပြုပြင်ပြောင်းလဲမှုများတွင် တစ်ခုအပါအဝင်ဖြစ်ပြီး (Industry 4.0) နှင့်အညီ ICT နည်းပညာများ အသုံးပြု၍ ပညာရေးဆိုင်ရာ သင်ကြားသင်ယူမှုများ တိုးတက်ကောင်းမွန်လာရေး အထောက်အကူပြုနိုင်မည့် အစီအစဉ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မှ တိုင်းဒေသကြီး ပညာရေးမှူးများကို DBE Box (K–12 Digital Teaching Resources) များကို ပေးအပ်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန၏ အထူးစီမံကိန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့မှ ဦးတင်မောင်မောင်အေးက DBE Box (K–12 Digital Teaching Resources) တွင် ပါဝင်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

DBE Box (K–12 Digital Teaching Resources) များ ရွှေ့ပြောင်းစမ်းသပ်မှု အစီအစဉ်များကို နေပြည်တော်ရှိ ကျောင်းပေါင်း ၂၀၊ ရန်ကုန်ရှိ ကျောင်းပေါင်း ၂၀ နှင့် မန္တလေးရှိ ကျောင်းပေါင်း ၂၀ တို့တွင် စတင်တပ်ဆင် အသုံးပြုသွားမည့်အပြင် အင်တာနက်ဆက်သွယ်ရေး ကောင်းမွန်မှုမရှိသော၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိသော အခြေခံပညာ မူလတန်းကျောင်း (သို့မဟုတ်) မူလတန်းလွန်ကျောင်းများ၌ ရွှေ့ပြောင်းစမ်းသပ်တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး (၆၅/ ၂၀၁၉) ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၆၅/၂၀၁၉) ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၅** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ အစည်းအဝေး (၆၅/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စု လွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်း ဟိန်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေဝင်းအောင် (ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ပါမောက္ခ ဒေါက်တာသိန်းမေစော | ပါမောက္ခချုပ် ဆေးဝါးတက္ကသိုလ် (မန္တလေး) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (ခ) ဦးအောင်ခိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဖြူမာဝေ ကို စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

● *ကျောဖုံးမှ*

မူဝါဒချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းစဉ်များတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်ကို အသိအမှတ်ပြုပါကြောင်း၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ဗြိတိန်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုဌာန၊ ဂျာမန်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၊ ဥရောပသမဂ္ဂ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ၊ အီတလီနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံတို့အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာလူမှုအဖွဲ့အစည်းတို့က မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် စဉ်ဆက်မပြတ် အကူအညီပေးနေမှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက်ကိုပါ သန္နိဋ္ဌာန်ချထားမှုများအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

### လူတစ်ဦးချင်းဝင်ငွေတိုးတက်

ယနေ့ကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲသည် ထိရောက်သော ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးကြီးသောလုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် ပုဂ္ဂလိက၊ အစိုးရ၊ ပြည်တွင်းပြည်ပအရပ်ဘက် လူ့အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့်သာ အောင်မြင်မှုများ ရရှိလာခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်စွာရယူနိုင်ရေး ဆောင်ရွက်ရသည့် နည်းလမ်းများ စည်းမျဉ်း စည်းကမ်းများသည် သီအိုရီသဘောအရ လွယ်ကူဟန်ရှိသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲများရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ၂၀၂၀ ပြည့်နှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ ရှိနိုင်ကြောင်းကို အာရှဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းထားပြီး မြန်မာနိုင်ငံသည် ဒေသတွင်းတွင် အလျင်မြန်ဆုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် သတ်မှတ်ထားပါကြောင်း၊ လူတစ်ဦးချင်း ဝင်ငွေမှာလည်း တိုးတက်လျက်ရှိသဖြင့် မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးကဏ္ဍကြီးများကို ပြုပြင်ပြောင်းလဲခဲ့သည့် အကျိုးရလဒ်များကို ပြသရာ ရောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားမဟာဗျူဟာစီမံကိန်းဖြစ်သော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP)ကိုအကောင်အထည်ဖော်လျက်ရှိပြီး စီမံကိန်းဘဏ်၊ မြေယာဘဏ်နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးစင်တာတို့ဖြင့် အထောက်အကူပြုလျက်ရှိကြောင်း။

MSDP ၏ လမ်းညွှန်မှုအောက်မှ နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ရာတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ကောင်းမွန်သည့် စီးပွားရေးဝန်းကျင်ဖြစ်အောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ MyCo အွန်လိုင်းကုမ္ပဏီ မှတ်ပုံတင်စနစ်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့ခြင်းသည် သာဓကတစ်ခု ဖြစ်ပါကြောင်း၊ ထို့အတူ ဘဏ်တိုးနှုန်းလုပ်ငန်းဆိုင်ရာ ဖြေလျှော့ပေးမှုများ၊ အသက်အာမခံဈေးကွက်ကို ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားသားပိုင်လုပ်ငန်းများသို့ ဆောင်ရွက်ခွင့်ပြုခြင်း၊ ပြည်ပဘဏ်များအား ဝန်ဆောင်မှုများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ခွင့်ပြုခဲ့သလို မြေယာဘဏ်စနစ်ကို ကြံဆလုပ်ဆောင်ခဲ့ခြင်းဖြင့် ရင်းနှီး




မြန်မာ့အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးလုပ်ငန်းများကို အထောက်အကူပြုသည့် ပူးပေါင်းဆောင်ရွက်ရေးအကူအညီများနှင့် စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

မြှုပ်နှံမှုတွင် အဓိကကျသည့် မြေရရှိရေးအတွက်လည်း ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အစိုးရအနေနှင့် အမျိုးသားကျန်းမာရေးစီမံချက် (၂၀၁၇-၂၀၂၁)ကို ရေးဆွဲဆောင်ရွက်ခဲ့ခြင်းကြောင့် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ယခင်က ငှက်ဖျားရောဂါဖြစ်ပွားသူ ၇၀၀၀၀၀ ရှိရာမှ ယခုအခါ ၇၅၀၀ ခန့်သာ ရှိတော့သဖြင့် ဖြစ်ပွားမှုကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါကြောင်း၊ ထို့အတူ HIV/AIDS ရောဂါကူးစက်သူများသို့ ဆေးဝါးဖြန့်ဖြူးမှုပေးနိုင်မှုမှာလည်း ၂၀၁၀ ပြည့်နှစ်က ၁၄ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါ ၈၅ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကိုယ်ဝန်ဆောင်ချိန်မှ မွေးဖွားပြီး (၂)နှစ်အထိ လူသားဘဝအစ ရက်ပေါင်း ၁၀၀၀ ကာလအတွင်း အာဟာရပညာပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်း စီမံချက်ဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီး ၂၅၀၀၀၀ အား လစဉ် ငွေကြေးထောက်ပံ့မှု ပေးနိုင်ခဲ့သောကြောင့် မိခင်ကိုယ်တိုင်နှင့် ကလေး၏ ကျန်းမာရေးကိုပါ စောင့်ရှောက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ၅ နှစ်စီမံကိန်း(၂၀၁၈-၂၀၂၂) ၏ အောင်မြင်မှုများကိုလည်း ယခုအခါ မြင်တွေ့နေရပြီ ဖြစ်ပါကြောင်း။

### အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး စတင်သည့်အချိန်မှစ၍ ပထမဦးဆုံးသော ကဏ္ဍ စီမံကိန်းအဖြစ် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ကို ရေးဆွဲဆောင်ရွက်နိုင်ခဲ့သဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ တိုးတက်အားကောင်းလာအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ အကူအညီပေးရေးစင်တာများ၊ အခမဲ့နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းမှ ကာကွယ်ပေးရေး ဥပဒေကြမ်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်များအခွင့်အရေးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့သဖြင့် ပဋိပက္ခအတွင်း ကလေးများ အကြမ်းဖက်ခံရမှုကို ကာကွယ်မည့်လုပ်ငန်းစဉ်များ ပါဝင်ခဲ့ပါကြောင်း၊ ကျားမတန်းတူညီမျှရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်အတွင်း အောင်မြင်မှုများနှင့်အတူ ကျွဲကူးရေပါဆိုသကဲ့သို့ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ့အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးလုပ်ငန်းများကို အထောက်အကူပြုသည့် ပူးပေါင်းဆောင်ရွက်ရေး အကူအညီများနှင့် စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ရာ အစီအစဉ် ၁ အနေဖြင့် Coordinating assistance in Support of Myanmar's National Development Priorities ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အစီအစဉ် ၂ အနေဖြင့် Mainstreaming the Myanmar Sustainable Development Plan ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာပင်လယ်ကြမ်းပြင်မှ စီးပွားရေးအခွင့်အလမ်းများ

## လှမျိုးနွယ်

*ယမန်နေ့မှအဆက်*

**ပင်လယ်ကြမ်းပြင်၌ ရှာဖွေတွေ့နိုင်သော သတ္တုအမျိုးအစားများမှာ နီကယ်လ်၊ ကိုဗော့၊ ကော်ပါး၊ Polymetallic Nodules၊ Manganese၊ Cobalt– rich Ferromanganese Crusts ၊ Polymetallic Sulphides၊ ဇင့် စသည်တို့ဖြစ်ကြောင်း သိရှိရပါသည်။**

Polymetallic Nodules များ ရှာဖွေခွင့်ပြုရေးအတွက် လျှောက်လွှာများကို အာဏာပိုင်အဖွဲ့အစည်းသည် လက်ခံရရှိခဲ့ပြီး အာရှနိုင်ငံများအနက် စင်ကာပူနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် လုပ်ငန်းစုစုပေါင်း ၃၀ ကို ၁၅ နှစ်တူးဖော်ရှာဖွေခွင့် ကန်ထရိုက်စာချုပ်များ ချုပ်ဆို၍ ခွင့်ပြုပေးပြီးဖြစ်ကြောင်း သိရှိရပါသည်။

ထို့အတူ အိန္ဒိယ Ridge ၏ အနောက်တောင်၊ ဗဟိုအိန္ဒိယ Ridge နှင့် အတ္တလန္တိတ်သမုဒ္ဒရာ အလယ်ပိုင်းရှိ Ridge အစရှိသော ပင်လယ်သမုဒ္ဒရာများတွင် Poly–metallic Sulphides များ ရှာဖွေရန် ခွင့်ပြုချက်များချပေးခဲ့ပြီးဖြစ်သည့်နည်းတူ Cobalt–rich Ferromanganese ရှာဖွေရန် လျှောက်လွှာများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်တွင် သတ္တုသယံဇာတရှာဖွေလုပ်ကိုင်ရန်အတွက် Clipperton Fractrue Zone၊ အိန္ဒိယသမုဒ္ဒရာ၊ အတ္တလန္တိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် တောင်ပိုင်းဧရိယာ၊ ပစိဖိတ်သမုဒ္ဒရာတို့ကို သတ်မှတ်ထားပါသည်။ ယင်းသတ်မှတ်ထားသော သမုဒ္ဒရာများတွင် Polymetallic Nodules၊ Polymetallic Sulphides နှင့် Cobalt– rich Ferromanganese Crusts များ ရှာဖွေထုတ်လုပ်ရန်အတွက် လုပ်ကွက်များနှင့် အကျယ်အဝန်းဧရိယာများကို ကန်ထရိုက်တာများအား သတ်မှတ်ခွင့်ပြုကြောင်း သိရှိရပါသည်။

### ကန်ထရိုက် စာချုပ်စီမံခန့်ခွဲရေးယူနစ်

ဤလုပ်ငန်း၊ လုပ်ကွက်များအား ကြိုတင်ပြင်ဆင်ရေး၊ အကောင်အထည်ဖော်ရေးဆိုင်ရာ စီမံခန့်ခွဲခြင်းလုပ်ငန်းများဆောင်ရွက်ရန်အလို့ငှာ အာဏာပိုင်အဖွဲ့၏ လက်အောက်တွင် “ကန်ထရိုက် စာချုပ်စီမံခန့်ခွဲရေးယူနစ်”ကို ဖွဲ့ထားပြီး ယင်းယူနစ်သည် ကန်ထရိုက်တာများ၊ ကမကထပြုသော၊ တာဝန်ခံသော နိုင်ငံများနှင့် အတွင်းရေးမှူးရုံးတို့အကြား ဆက်သွယ်ပေးရပါသည်။ လုပ်ငန်းစီမံချက်၊ ကန်ထရိုက်စာချုပ်များ သက်တမ်းတိုးရန် လျှောက်ထားခြင်းကိစ္စများကိုလည်း အဆိုပါယူနစ်က တာဝန်ယူဆောင်ရွက်ရပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် စီးပွားရေးအုပ်စုများသည် နည်းပညာဆိုင်ရာ အကူအညီရရှိလိုပါက ဈေးကွက်အတွင်းရှာဖွေခြင်း သို့မဟုတ် ပူးတွဲလုပ်ကိုင်ခြင်းဖြင့် မျှတသော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စည်းကမ်းချက်များမှတစ်ဆင့် ရယူနိုင်ပါသည်။ ဤနည်းလမ်းဖြင့် ရယူရန်မဖြစ်နိုင်ပါက တရားမျှတ၍ ကျိုးကြောင်းဆီလျော်သော ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များဖြင့် နည်းပညာများ ရယူနိုင်ရေးအတွက် ကန်ထရိုက်တာများ၊ ယင်းတို့အား ကြီးကြပ်တာဝန်ယူသောနိုင်ငံများနှင့် အာဏာပိုင်အဖွဲ့က ကြားဝင်၍ ညှိနှိုင်းပေးနိုင်ပါသည်။

ခြုံငုံသုံးသပ်ရပါလျှင် အာဏာပိုင်အဖွဲ့သည် နိုင်ငံတကာစီးပွားရေးလုပ်ငန်းအဖွဲ့ကြီးများကို ကြီးကြပ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်ဧရိယာတွင် လုပ်ကိုင်နေသော လုပ်ငန်းများကို စီမံခြင်း၊ ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်သည်ဟု ဆိုရပါမည်။

### စိန်ခေါ်မှုများနှင့် အခြားလေ့လာတွေ့ရှိချက်များ

အာဏာပိုင်အဖွဲ့က တာဝန်ယူကြီးကြပ်ဆောင်ရွက်နေသော ရေနက်ပိုင်းပင်လယ်ကြမ်းပြင်ရှိ သတ္တုသယံဇာတအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နိုင်ငံတကာစီးပွားရေး လုပ်ငန်းကြီးဟု ခေါ်ဆိုနိုင်သော လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများအားလုံး၏ အနာဂတ်စီးပွားရေး အကျိုးအမြတ်အတွက် ဦးတည်နေသော အရေးကြီးသည့် အဆင့်သို့ တက်လှမ်းနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ သုတေသနလုပ်ငန်းများက ပေါ်ထွက်လာသည့် အနီးစပ်ဆုံး တွက်ချက်ခန့်မှန်းထားသော ဒေတာအချက်အလက်များမှာ အားရဖွယ်ဖြစ်သကဲ့သို့ ကြီးမားသော စိန်ခေါ်မှုများကို ပိုမိုတွေ့ကြုံရမည့် အနေအထားမှာလည်း ပေါ်လွင်နေပါသည်။ ယခုပင်လျှင် အခက်အခဲမျိုးစုံနှင့် ရှုပ်ထွေးသည့် တုံ့ပြန်ချက်များကို ရင်ဆိုင်နေကြရပြီး လုပ်ငန်းများအကောင်အထည်ဖော်ရန် အချိန်ကာလနီးကပ်လာသည်နှင့်အမျှ နောက်ဆက်တွဲပြဿနာများ၊ အထူးသဖြင့် လူသားတစ်ရပ်လုံး၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များမှာလည်း ပိုမိုခက်ခဲလာနိုင်ပါသည်။

အဓိကကြုံတွေ့ရသည့် ပြဿနာများမှာ Enterprise အဖွဲ့၏ ပင်လယ်ရေနက်ပိုင်း သတ္တု၊ သယံဇာတရှာဖွေရေးအတွက် လိုအပ်သော ငွေကြေးရင်းနှီးမြှုပ်နှံမှုရရှိရေး၊ သဘာဝသယံဇာတ အရင်းအမြစ်များ မထိခိုက်စေရေး အကာအကွယ်ပေးရေး ကိစ္စတို့ပါဝင်ပါသည်။ ထို့အတူ UNCLOS ကွန်ဗင်းရှင်း၏ အနာဂတ်ရည်မှန်းချက်ဖြစ်သော “လူသားတို့၏ ဘုံအမွေအနှစ်” သဘောတရားမှ ပေါက်ဖွားလာမည့် စီးပွားရေးအကျိုးအမြတ်များကို တရားမျှတစွာနှင့် လက်တွေ့အညီအမျှ ခွဲဝေပေးရေးသည် အာဏာပိုင်အဖွဲ့က ရင်ဆိုင်ရမည့် ကြီးမားသောပြဿနာတစ်ရပ်အဖြစ် သုံးသပ်ကြပါသည်။

အထူးသဖြင့် စီးပွားရေးလုပ်ငန်းအုပ်စုကြီးများ၏ စီးပွားရေးအမြတ်အစွန်းနှင့် Enterprise လုပ်ငန်းအဖွဲ့အရင်းအနှီးအတွက် အခွန်ကောက်ခံရေးနှင့် စီမံချက်ဆိုင်ရာ ယန္တရားတစ်ရပ် ထူထောင်ရေးကိစ္စမှာလည်း နိုင်ငံများအကြား သဘောထားကွဲလွဲမှုနှင့် အခက်အခဲများရှိနေသည်ဟု သုံးသပ်မိပါသည်။ အာဏာပိုင်အဖွဲ့က အခြားရင်ဆိုင်ရမည့် စိန်ခေါ်မှုမှာ ပင်လယ်နက်ပိုင်းမှ ရှာဖွေရရှိသော သယံဇာတများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ လက်ရှိအဓိကအားထားနေသော အမျိုးတူ သယံဇာတမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်နှင့် စီးပွားရေးကို ဆိုးရွားစွာ ထိခိုက်မှု မဖြစ်စေရေးအတွက် ကြိုတင်အကာအကွယ်ပေးမည့်အစီအစဉ်များ ချမှတ်ရေးဖြစ်ပါသည်။

ထို့အတူ နောင်တွင် ပင်လယ်ကြမ်းပြင်မှ တူးဖော်ထုတ်လုပ်မည့် သတ္တုများကြောင့် လက်ရှိဖွံ့ဖြိုးဆဲနိုင်ငံများက ထုတ်လုပ်ရောင်းချနေသော ကမ္ဘာ့ဈေးကွက်အတွင်း ဈေးနှုန်းများကျဆင်းမည့် အလားအလာကို တွက်ချက်ခြင်း၊ နိုင်ငံများ၏ ပြည်ပပို့ကုန်အရေအတွက်နှင့် ယင်းမှရရှိသော ငွေကြေးအကျိုးအမြတ်အား ထိခိုက်လျော့နည်းစေမည့်ပြဿနာများကို မျှော်မှန်းတွက်ဆရခြင်းသည်လည်း အာဏာပိုင်အဖွဲ့အတွက် ခက်ခဲသောလုပ်ငန်းဖြစ်ပါသည်။

### ကောင်းမွန်သော ရည်မှန်းချက်

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများ ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းအပါအဝင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ပေးရေး အစီအစဉ်များသည် အလွန်ကောင်းမွန်သော ရည်မှန်းချက်ဖြစ်ခြင်းကြောင့် လက်တွေ့ဖော်ဆောင်ရန်လိုပါသည်။ အထူးသဖြင့် နည်းပညာအားနည်းသည့် သို့မဟုတ် မပြည့်စုံသည့် နိုင်ငံများအပေါ် နည်းပညာအထောက်အပံ့ပေးရေး အစီအစဉ်မှာလည်း အမှန်တကယ်လုပ်ဆောင်ရန် အရေးကြီးသော ရည်မှန်းချက်ဟု ဆိုနိုင်ပါသည်။

မည်သည့်အခက်အခဲများရှိသည်ဖြစ်စေ ကမ္ဘာ့နိုင်ငံအများစုတို့သည် ရှားပါး၊ အဖိုးတန်သည့် သယံဇာတများကို အပြည်ပြည်ဆိုင်ရာပင်လယ်ကြမ်းပြင်၌ ရှာဖွေထုတ်လုပ်ရန်အလို့ငှာ သုတေသန ပြုလုပ်ခြင်း၊ ဒေတာ၊ အချက်အလက်များစုဆောင်းခြင်း၊ စက်ပစ္စည်းကိရိယာကြီးများ သယ်ယူခြင်းစသော ပြင်ဆင်မှုလုပ်ငန်းများကို စတင်နေသည်မှာ အရှိန်ရနေကြပြီဖြစ်ပါသည်။

အထူးသဖြင့် ရေအနက်မီတာ ၈၀၀ နှင့် ၃၀၀၀ အကြား၊ ရေအနက်မီတာ ၃၀၀၀ နှင့် ၃၅၀၀ အကြား တွေ့ရှိနိုင်သော သယံဇာတအမျိုးအစားများ၏ အရေအတွက်နှင့် နှောင်နှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင် တစ်ကမ္ဘာလုံးအသုံးပြုနိုင်မည့် “အရန်” အရေအတွက်ကိုလည်းကောင်း၊ လက်ရှိကုန်းပိုင်းထုတ်လုပ်မှု အရေအတွက်၊ အရည်အသွေးတို့နှင့် နှိုင်းယှဉ်လေ့လာခြင်းကိုလည်းကောင်း၊ သယံဇာတအမျိုးအစားများ အများဆုံးတွေ့ရှိနိုင်မည့် ပင်လယ်သမုဒ္ဒရာနေရာများနှင့် တွေ့နိုင်မည့် အရေအတွက်ကိုလည်းကောင်း၊ ပဏာမဆန်းစစ်ခြင်း၊ လေ့လာခြင်းများကို ကမ္ဘာ့စီးပွားရေးအုပ်စုကြီးများနှင့် နိုင်ငံတကာကုမ္ပဏီကြီးများက လုပ်ကိုင်ရန် ပြင်ဆင်နေကြသည်မှာ အားကျဖွယ်ဖြစ်ပါသည်။

ရေအနက်မီတာ ၅၀၀ တွင် တွေ့ရန် အလားအလာရှိသော သတ္တုသယံဇာတများအတွက် ပင်လယ်ဆိုင်ရာ စမ်းသပ်မှုများကိုပင် စတင်နေသည့် နိုင်ငံအချို့ရှိနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သတ္တုတူးဖော်ခြင်းလုပ်ငန်းတွင် လိုက်နာကြရမည့် ပြည်တွင်းဥပဒေများကိုလည်း နိုင်ငံအများအပြားတို့က ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ ထိုသို့ ဥပဒေပြဋ္ဌာန်းသည့် ရည်ရွယ်ချက်မှာ အာမခံတာဝန်ယူရသော နိုင်ငံများလိုက်နာရမည့် ကျိုးကြောင်းပြည့်စုံပြီး သင့်လျော်သော အစီအမံများကို သတ်မှတ်ခြင်းနှင့် အဏ္ဏဝါပတ်ဝန်းကျင်အား ထိခိုက်မှု မဖြစ်စေရေးအတွက် အကာအကွယ်ပေးရမည့် တာဝန်ကိုသတ်မှတ်ခြင်းဖြစ်ပါသည်။

### သတ္တုရှာဖွေရေးဆိုင်ရာ အက်ဥပဒေ

အာရှနိုင်ငံများအနက် စင်ကာပူနိုင်ငံသည်သာလျှင် ရေနက်ပိုင်းပင်လယ်ကြမ်းပြင်ရှိ သတ္တုရှာဖွေရေးဆိုင်ရာ အက်ဥပဒေကို စောစီးစွာ ပြဋ္ဌာန်းခဲ့ပြီး ၁ –၄ – ၂၀၁၅ ရက်နေ့ကပင် စတင်အာဏာသက်ဝင်နေပြီဖြစ်ပါသည်။ ထိုဥပဒေတွင် သယံဇာတရှာဖွေရေး လုပ်ငန်းများအား တာဝန်ခံရသော နိုင်ငံ၏ အခန်းကဏ္ဍနှင့် ဥပဒေအရ “ထိုက်သင့်သော ဝီရိယနှင့် ကြိုးပမ်းအားထုတ်မှု” (due diligence ) တာဝန်ကိုသတ်မှတ်ထားပါသည်။ ထို့အပြင် လုပ်ငန်းဆောင်ရွက်လိုကြသော စင်ကာပူကုမ္ပဏီများသည် ယင်းအစိုးရထံသို့ လိုင်စင်လျှောက်ထားရန်နှင့် လျှောက်ထားရန် အရည်အချင်းများကိုလည်း သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။

> **“ပင်လယ်သမုဒ္ဒရာဆိုင်ရာ ပြဿနာများနှင့် ဆက်စပ်ကိစ္စများကို ဖြေရှင်းရာတွင် နိုင်ငံများအကြား ညှိနှိုင်းခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဤသို့ကြိုးပမ်းကြရာတွင် (က) ကမ်းရိုးတန်းနိုင်ငံများနှင့် ဆက်စပ်နိုင်ငံများအကြား ရပိုင်ခွင့်အခွင့်အရေးများကို ကျိုးကြောင်းညီညွတ်မျှတစွာ ချင့်ချိန်ရန်၊ (ခ) အဏ္ဏဝါဖွံ့ဖြိုးတိုးတက်ရေးနှင့် အဏ္ဏဝါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ရည်မှန်းချက်နှစ်ခုအကြား မျှတစွာ ချင့်ချိန်ရန်၊ (ဂ) အဏ္ဏဝါဆိုင်ရာ သယံဇာတများ ထုတ်ယူသုံးစွဲခြင်းနှင့် အဏ္ဏဝါအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့အကြား မျှတစွာ ချင့်ချိန်ရန်၊ (ဃ)မတူကွဲပြားသော ရေကြောင်းကဏ္ဍများအကြား မျှတစွာ ချင့်ချိန်ရန်လို”**

အာဏာပိုင်အဖွဲ့သည် ယင်း၏ လုပ်ငန်းအစီအစဉ်များကို ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ချမှတ်ထားပါသည်။ အဆိုပါအစီအစဉ်များတွင် ၂၀၁၇–၂၀၂၀ ပြည့်နှစ်အတွက် နည်းပညာဆိုင်ရာ ကောက်နုတ်ဖော်ပြချက်များ၊ တစုတဝေးတည်း ပေါင်းစပ်ထားသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာလေ့လာဆန်းစစ်ချက်များ၊ ၂၀၁၈–၂၀၂၀ ပြည့်နှစ်အတွက် ကမ္ဘာ့သမုဒ္ဒရာများအား ဒုတိယအကြိမ်လေ့လာဆန်းစစ်ချက် ထုတ်ပြန်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများ ဖော်ထုတ်ရန်နှင့် မြှင့်တင်ရန်အတွက် သတင်းဖြန့်ဖြူးခြင်း၊ နိုင်ငံများက ထည့်ဝင်ကြေးပေးဆောင်ခြင်းနှင့် အာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသော အသိပညာပေးလုပ်ငန်းများ မြှင့်တင်ခြင်းတို့ကို သတ်မှတ်ထားကြောင်း သိရှိရပါသည်။

နည်းပညာဆိုင်ရာ ကောက်နုတ်အကြံပြုချက်များသည် The First Global Integrated Marine Assessment (WOAI) အပေါ် အခြေခံပြီး အစိုးရအဖွဲ့များ၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အထောက်အပံ့ပြုရန် ရည်ရွယ်ပါသည်။ အဓိကအားဖြင့် (က) ၂၀၃၀ ရည်မှန်းချက်အဖြစ် သတ်မှတ်ထားသော သမုဒ္ဒရာနှင့် Sustainable Development Goals (SDGs)၊ (ခ) အဏ္ဏဝါပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေးနှင့် ထိန်းသိမ်းရေး၊ (ဂ) သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ပင်လယ်သမုဒ္ဒရာများအပေါ် အကျိုးသက်ရောက်မှုဂယက်စသည့် ကဏ္ဍ(၃) ရပ်အတွက် ရည်ရွယ်ပါသည်။

WOAI အတွက် ပြင်ဆင်ဆောင်ရွက်ရာတွင် ကျွမ်းကျင်သူအုပ်စုများ၊ ကျွမ်းကျင်သူပညာရှင်များ စုစည်းထားသည့် အဖွဲ့များ ဖွဲ့စည်းရန် အကြံပြုထားပါသည်။ကြိုတင်ပြင်ဆင်မှုအဖြစ် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လေ့လာဆန်းစစ်ခြင်းတို့ ပါဝင်ပါသည်။

အရေးကြီးဆုံးအချက်မှာ ပင်လယ်သမုဒ္ဒရာဆိုင်ရာ ပြဿနာများနှင့် ဆက်စပ်ကိစ္စများကို ဖြေရှင်းရာတွင် နိုင်ငံများအကြား ညှိနှိုင်းခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဤသို့ကြိုးပမ်းကြရာတွင် (က) ကမ်းရိုးတန်းနိုင်ငံများနှင့် ဆက်စပ်နိုင်ငံများအကြား ရပိုင်ခွင့် အခွင့်အရေးများကို ကျိုးကြောင်းညီညွတ်မျှတစွာ ချင့်ချိန်ရန်၊ (ခ) အဏ္ဏဝါဖွံ့ဖြိုးတိုးတက်ရေးနှင့် အဏ္ဏဝါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး ရည်မှန်းချက်နှစ်ခုအကြား မျှတစွာ ချင့်ချိန်ရန်၊ (ဂ) အဏ္ဏဝါဆိုင်ရာ သယံဇာတများ ထုတ်ယူသုံးစွဲခြင်းနှင့် အဏ္ဏဝါအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့အကြား မျှတစွာ ချင့်ချိန်ရန်၊ (ဃ)မတူကွဲပြားသော ရေကြောင်း ကဏ္ဍများအကြား မျှတစွာ ချင့်ချိန်ရန်လိုပါသည်။ အရေးပါသော သတ်မှတ်ချက်မှာ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအတွက် ကုလသမဂ္ဂကချမှတ်ထားသော ကမ္ဘာလုံးဆိုင်ရာ မူဘောင်အတွင်းမှ ဆောင်ရွက်ကြရန်သာ ဖြစ်ပါသည်။

မြန်မာ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဘူတန်၊ နီပေါ၊ သီရိလင်္ကာနိုင်ငံများ ပါဝင်သော BIMSTEC စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့က ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃၀ ရက်မှ ၃၁ ရက်နေ့အထိ ကျင်းပခဲ့သော ထိပ်သီးညီလာခံ၏ ကြေညာချက်တွင် ဘင်္ဂလားပင်လယ်အော်ဒေသ၏ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးကို မြှင့်တင်ရန် သက်ဆိုင်သော နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နက်ရှိုင်းသော ပေါင်းစည်းမှုများမှတစ်ဆင့် BIMSTEC အဖွဲ့အတွက် ထိရောက်ကောင်းမွန်သော ရလဒ်များ ဖော်ထုတ်နိုင်ရေးအလို့ငှာ ခိုင်မာသော ကတိကဝတ်များ ချမှတ်ပြီးဖြစ်ပါသည်။

အာဆီယံ၊ BIMSTEC အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ အားလုံးအကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့၏ လုပ်ငန်းများတွင် ပိုမိုပါဝင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

✻ *ကျောဖုံးမှ*

ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးသည် နှစ်ပေါင်း ၇၀ ကျော်ကြာ ပဋိပက္ခစွဲကပ်နေသည့် မြန်မာနိုင်ငံအတွက် ဖြေဆေးဖြစ်ပြီး ထိုဖြေဆေးကို ဖော်သည့်အခါတွင်လည်း သဘောထားကြီးမြတ်မှု၊ လူကြီးလူကောင်းဆန်မှု၊ ကိုယ်ချင်းစာနာမှုပြည့်ဝမှု၊ တရားမျှတမှု၊ အမှန်တရားကို မြတ်နိုးမှုတို့ ပါဝင်မှ သာလျှင် အစွမ်းထက်သည့် ရောဂါပျောက်သည့် ဆေးတစ်လက်ဖြစ်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြင်ဆင်မည့်နည်းလမ်းအပေါ် ဆွေးနွေးငြင်းခုန်မှုများကို တိုင်းရင်းသားများအပေါ် ငဲ့ညှာသောအားဖြင့် အဆုံးသတ်ပြီး ဖက်ဒရယ်ပြည်ထောင်စုအတွက် စစ်မှန်သောစေတနာဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိရောက်စွာ ပြင်ဆင်လိုပါကြောင်း ဆွေးနွေးသည်။

## လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

**ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး**က ပြင်ဆင်စရာများလွန်းလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အချက်တစ်ချက်၊ တစ်ပိုဒ် ပြင်ရုံဖြင့် ပြီးပြည့်စုံလုံလောက်မှု မရှိသောကြောင့် ယခုပြင်ဆင်လိုသော ပုဒ်မများအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လုံးကို ခြုံငုံစိစစ်တင်ပြလာမည့် ပြင်ဆင်ချက်ဥပဒေမူကြမ်းသည်သာ ပိုမိုသင့်တော်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်မှ နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းအဖြေရှာနိုင်သော ယဉ်ကျေးသောလူ့အဖွဲ့အစည်းအဖြစ် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ ဂုဏ်အားပြန်လည်ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေးပါတီအားလုံး၏ အချိုးကျစနစ်ဖြင့် ပါဝင်ဖွဲ့စည်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအား ဖွဲ့စည်းပေးထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးကို လိုလားကြသည်ဟု ကြွေးကြော်နေရုံမျှ မဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီတွင် မှန်ကန်သော ပူးပေါင်းပါဝင်မှုပုံစံဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် သမိုင်းမှတ်တမ်းရေးထိုးခွင့်အား မဆုံးရှုံးစေဘဲ ပူးပေါင်းကြပါဟု တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်မြင့်မြင့်နွယ်**က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ (၄၅ ဦး ကော်မတီ)သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကြံပြုချက် ၃၇၆၅ ချက်ကို စိစစ်နေဆဲ ဖြစ်ပါကြောင်း၊ မည်သည့်အချိန်တွင် လွှတ်တော်ကို တင်သွင်းနိုင်မည်ကို တိတိကျကျ မသိရသေးပါကြောင်း၊ ယခုဥပဒေမူကြမ်းကို ၄၅ ဦးကော်မတီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဥပဒေမူကြမ်းတင်သွင်းချိန်မှသာ တစ်ပြိုင်တည်း ပူးပေါင်းသုံးသပ်မည်ဆိုပါက ယနေ့နိုင်ငံတွင် ဖြစ်ပေါ်နေသည့်အခြေအနေများအရ လုပ်သင့်လုပ်ထိုက်သည်များကို မြန်မြန်ဆန်ဆန် အချိန်မီမဆောင်ရွက်နိုင်မည်ကို စိုးရိမ်မိပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦးက တင်သွင်းသော ယခုဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆွေးနွေးသင့်ပါကြောင်းနှင့် အစီရင်ခံစာကို ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာအပေါ် ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်ကျော်နှင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ရဲထွန်း၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်တင်မာဆွေ၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်နိုင်ဦး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ချစ်ညီညီနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်တို့က ဆက် လက်ဆွေးနွေးကြသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

## မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာ

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် **မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းကို** လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။



ရခိုင်ပြည်နယ်
မဲဆန္ဒနယ် အမှတ်(၁၁)မှ
ဒေါ်ထုမေ



ရောဝတီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၈)မှ
ဒေါ်အိအိပြုံး



တပ်မတော်သား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဗိုလ်ကြီး ဒေါ်မြင့်မြင့်နွယ်



တပ်မတော်သားအမျိုးသား
လွှတ်တော်ကိုယ်စားလှယ်
ဒုတိယဗိုလ်မှူးကြီး မျိုးထွန်းအောင်



စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၉)မှ
ဦးမောင်မောင်လတ်



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

ထို့နောက် **တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် အောင်စန်းချစ် အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးတင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် စပ်လျဉ်းသည့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေး ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက မိမိတို့ပူးပေါင်းကော်မတီအနေဖြင့် သီးခြားရှင်းလင်းတင်ပြရန် မရှိပါကြောင်း၊ ပူးပေါင်းကော်မတီဝင်အများစု၏ သဘောထားဆန္ဒနှင့် ပူးပေါင်းကော်မတီဝင် (၃)ဦးမှ သီးခြားအကြံပြုတင်ပြထားသည့်အချက်ကိုလည်း အစီရင်ခံစာတွင် ပြည့်စုံစွာထည့်သွင်းဖော်ပြပြီး ဖြစ်ပါကြောင်း၊ ထို့ ကြောင့် လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုပေးနိုင်ရန်အတွက် လေးစားစွာ အဆိုပြုတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ပါ ပြဋ္ဌာန်းချက်များအရ အကြောင်းအရာနှင့် လုပ်ငန်းစဉ်အပေါ် မူတည်ပြီး ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ အဆုံးအဖြတ်ရယူခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၏အဆုံးအဖြတ်ရယူရမည့် ကိစ္စရပ်တစ်ခုအတွက် မဲခွဲဆုံးဖြတ်သည့် လုပ်ငန်းစဉ်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေး ပြောကြားလိုပါကြောင်း၊ ထို့ကြောင့် အဆိုပါ ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ကို စက်ခလုတ်အသုံးပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထောက်ခံဆန္ဒမဲများပါက ယင်းအစီရင်ခံစာကို လွှတ်တော်က သဘောတူအတည်ပြုမည်ဖြစ်ပြီး ကန့်ကွက်ဆန္ဒမဲများပါက အတည်မပြုကြောင်း ကြေညာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံ မဲ ၃၄၇ မဲ၊ ကန့်ကွက်မဲ ၁၉၇မဲ၊ ကြားနေမဲ ၄ မဲဖြစ်သဖြင့် ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## Toyota Landcruiser (Bullet Proof) မော်တော်ယာဉ် ခြောက်စီး တင်သွင်းရာတွင် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိရေးကိစ္စ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ** ပေးပို့ထားသော **Toyota Landcruiser (Bullet Proof) မော်တော်ယာဉ် ခြောက်စီး တင်သွင်းရာတွင် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိရေးကိစ္စ**နှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်နှင့် စပ်လျဉ်း၍ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)တွင် **ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကျသင့်သော အထူးကုန်စည် တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်**ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ၂၀၁၉ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)ပါ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်များနှင့် စပ်လျဉ်း၍ အမှတ်စဉ် (၄၁)တွင် **နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့်ကုန်စည်များ**ဟု ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်၍ ယင်း ပြဋ္ဌာန်းချက်များနှင့်အညီ အဆိုပါ မော်တော်ယာဉ် ခြောက်စီးအတွက် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရရှိရေးအတွက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သော (၁၅/၂၀၁၉) ကြိမ်မြောက် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီအစည်းအဝေး၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်တွင် ကျင်းပပြုလုပ်သော (၂၂/၂၀၁၉) ကြိမ်မြောက် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတို့သို့ တင်ပြခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူမည့် Toyota Landcruiser (Bullet Proof) မော်တော်ယာဉ် ခြောက်စီး ဝယ်ယူတင်သွင်းရာတွင် ကျသင့်မည့် အထူးကုန်စည်ခွန် အမေရိကန်ဒေါ်လာ (၃ ဒသမ ၆၇၉၆) သိန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် အမေရိကန်ဒေါ်လာ (၀ ဒသမ ၅၅၁၉) သိန်းတို့ကို ကင်းလွတ်ခွင့်ရရှိနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၁ ပုဒ်မခွဲ(က) ၏ နောက်ဆက်တွဲဇယား(၁) အမှတ်စဉ် (၉)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

## လယ်ဝေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲကျင်းပ

**လယ်ဝေး ဒီဇင်ဘာ ၅**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့သီရိရတနာမြို့မဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြသခြင်း အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်က အဆိုပါဈေး၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်မီးသတ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက အခမ်းအနားပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်သူက သီရိရတနာမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တာ် ဒီဇင်ဘာ ၅**

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီရေးရာဆောင်အမှတ် (I-20 )အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့်မေးခွန်းများအနက် အတည်ပြုခဲ့သည့် အဆို၊ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများအား ကော်မတီအဖွဲ့ဝင်များက မေးမြန်းဆွေးနွေး၍ အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီအတွင်းရေးမှူး ဦးကျော်နီနိုင်၊ ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့် မုတ်သုံကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာဦးသောင်းထွန်းနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်သည် မုတ်သုံကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာဦးသောင်းထွန်းနှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ်(I-6)အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် တောင်သူလယ်သမားများနှင့် သက်ဆိုင်သော ဥပဒေများပြင်ဆင်ရာတွင် ထည့်သွင်းလိုသော အချက်အလက်များ၊ သိမ်းဆည်းခံ လယ်ယာမြေကိစ္စရပ်များ၊ တောင်သူလယ်သမားများကြုံတွေ့နေရသော အခက်အခဲပြဿနာများနှင့် လယ်သမားပြည်သူများ၏ မျှော်လင့်ချက်များအား ကူညီပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





ပြည်သူ့လွှတ်တော်၊ လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင် UK Department for International Development (DFID) အဖွဲ့မှ Dr. Rurik Marsden အား လက်ခံတွေ့ဆုံစဉ်။

## ပြည်သူ့လွှတ်တော်၊ လွှတ်တော်ရေးရာစွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင် UK Department for International Development (DFID)အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်သူ့လွှတ်တော်၊ လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင်သည် UK Department for International Development (DFID) အဖွဲ့မှ Dr. Rurik Marsden အား ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်၊ အဆောင်အမှတ် (I-1) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်မှုဆိုင်ရာများ၊ လွှတ်တော်၏ သုတေသနနှင့် ကော်မတီများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးနေမှုများနှင့် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

## ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပ



ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြဟန်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်တို့သည် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်းသည့် ဥပဒေရေးရာကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

အဆိုပါ တင်ပြဆွေးနွေးမှုအပေါ် လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေး၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၀ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ပြခန်းများဆောင်ရွက်နေမှု နာဂဒေသဦးစီးဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

**လဟယ် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ၂၀၂၀ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာပြခန်းနှင့် နာဂရိုးရာပြခန်းများ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်နေမှုကို ယနေ့နံနက် ၁၀ နာရီက ဒေသဦးစီးဥက္ကဋ္ဌ ဦးကေ ဆိုင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လုပ်ငန်းဆပ်ကော်မတီအလိုက် မှာကြားခဲ့သည်။

၂၀၂၀ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မူးယစ်ဆေးဝါးဆိုင်ရာ၊ အိမ်တွင်းမှု၊ လူငယ်သင်တန်းကျောင်း၊ န.တ.လ၊ နာဂရိုးရာပြခန်းသုံးခန်းနှင့် ရိုးရာလက်မှုပြခန်းနှစ်ခန်း စုစုပေါင်းပြခန်း ၁၂ ခန်းတို့ကို ပြသသွားမည်ဖြစ်သည်။

လုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ရာနှုန်းပြည့်ပြီးစီးပြီး ဒီဇင်ဘာ ၂၀ ရက်တွင် သက်ဆိုင်ရာဌာနများအား အပြီးသတ် အပ်နှံသွားမည်ဖြစ်ကြောင်း လုပ်ငန်းတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကယ်ထံမှ သိရသည်။ **စနေမောင်(ခန္တီး)**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာဦးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း စင်ကာပူနိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဆိုင်ရာ တွဲဖက်ဝန်ကြီး Ms. Indranee Rajah အား ညစာစားပွဲဖြင့် တည်ခင်း

**နေပြည်တော် ဒီဇင်ဘာ ၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော စင်ကာပူနိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဆိုင်ရာ တွဲဖက်ဝန်ကြီး Ms. Indranee Rajah အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ M. Galleryby Sofitel ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းရဲပိုင်ဟိန်းတို့ တက်ရောက်ကြသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း စင်ကာပူနိုင်ငံဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနဆိုင်ရာ တွဲဖက်ဝန်ကြီး Ms. Indranee Rajah အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ သတင်းစဉ်

**မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများအသင်း(Independent Lawyers' Association of Myanmar – ILAM)က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။**

အဆိုပါ သတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

**သတင်းထုတ်ပြန်ချက်(၆/၂၀၁၉)**

၁- နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ၁၀-၁၂-၂၀၁၉ တွင် ကမ္ဘာ့တရားရုံး(ICJ) သို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ထုချေဖြေရှင်းမည်ဟု တိုင်းပြည်အပေါ်တာဝန်ယူမှု တာဝန်သိမှုစိတ်ဓာတ်ဖြင့် ကြေငြာခဲ့ခြင်းအပေါ် ILAM အဖွဲ့ကြီးက ပြတ်သားစွာ ထောက်ခံကြိုဆိုလိုက်ပါသည်။

၂- ICJ သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရ တည်ထောင်ဖွဲ့စည်းသည့် တစ်ခုတည်းသော ကုလသမဂ္ဂပင်မ တရားစီရင်ရေးအဆောက်အအုံဖြစ်သဖြင့် အဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံက လေးစားစွာပူးပေါင်းပါဝင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃- မြန်မာနိုင်ငံသည် လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားပြီး အပြည်ပြည်ဆိုင်ရာတရားမျှတမှု လူ့စံနှုန်းများ၊ အခြေချနေထိုင်ခွင့်၊ အမည်သညာရရှိပိုင်ခွင့်၊ အသက်ရှင်သန်ပိုင်ခွင့် စသည့်လူ့သမဂ္ဂကြီး၏ လောကပါလတရားများကို အပြည့်အဝ လိုက်နာနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပါသည်။

၄- မြန်မာနိုင်ငံသည် တရားမဲ့မှု၊ ကြီးနိုင်ငယ်ညှဉ်း၊ လူလူချင်းစာနာမှုမဲ့သည့် မည်သည့်အပြုအမူ၊ ပြစ်မှုတို့ကိုမဆို သည်းညည်းခံဖုံးကွယ်မည်မဟုတ်ဘဲ၊ ကမ္ဘာ့အမျိုးသားနိုင်ငံများနှင့်အတူ အသားရောင်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာမခွဲခြား၊ ယဉ်ကျေးမှုမြင့်မားသည့် ဂုဏ်သရေရှိတိုင်းပြည်ဖြစ်စေရန်၊ အခက်အခဲအဟန့်အတားမျိုးစုံကြားမှ ရုန်းကန်ဆောင်ရွက်နေရသည့် ထွန်းသစ်စနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

၅- ထိုသို့သော အခြေအနေတွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူကဆန္ဒမဲဖြင့် ကြည်ဖြူစွာရွေးချယ်တင်မြှောက်ခံရသူပီပီ နိုင်ငံတွင်းမှီတင်းနေထိုင်ကြကုန်သော နိုင်ငံသား၊ နိုင်ငံသားမဟုတ်သူ လူခပင်းတို့အကျိုးစီးပွားအတွက် အမှောင်ခွင်း၍ အလင်းဆောင် ပြောင်မြောက်သော စွမ်းပကာ၊ ကိုယ်ကျင့်သိက္ခာတရားတို့ဖြင့် အမှန်တရား ထင်ရှားနိုင်စေသတည်းဟု လေးနက်တည်ကြည်စွာ ထောက်ခံဆန္ဒပြုအပ်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်သောရှေ့နေများအသင်း
ILAM

**မြန်မာစာရေးဆရာကလပ်က ၂၃-၁၁-၂၀၁၉ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။**

အဆိုပါ ထုတ်ပြန်ကြေညာချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြန်မာစာရေးဆရာကလပ် ထုတ်ပြန်ကြေညာချက်**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကိစ္စနှင့်ပတ်သက်၍ နိုင်ငံ ၅၇ နိုင်ငံပါဝင်သည့် အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ OIC ၏ ကိုယ်စား ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး ICJ ၌ တရားစွဲထားသည့်ကိစ္စ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဦးဆောင်သွားရောက်ဖြေရှင်းမည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်မည့် ဒေါ်အောင်ဆန်းစုကြည်၏ တာဝန်ယူမှု တာဝန်ခံမှုရှိသော ခေါင်းဆောင်စိတ်ဓာတ်ဖြင့် ဆုံးဖြတ်ဆောင်ရွက်ချက်ကို မြန်မာစာရေးဆရာကလပ်က ထောက်ခံအားပေး ကြိုဆိုပါကြောင်း အလေးအနက် ထုတ်ပြန်ကြေညာလိုက်သည်။

ရက်စွဲ။ ၂၃-၁၁-၂၀၁၉ မြန်မာစာရေးဆရာကလပ်

## ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမေရိကန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန အရှေ့တောင်အာရှဒေသဆိုင်ရာ ဒုတိယလက်ထောက်ဝန်ကြီး Mr. Robert Kaproth နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marchiel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် အရှေ့တောင်အာရှဒေသဆိုင်ရာ ဒုတိယလက်ထောက်ဝန်ကြီး Mr. Robert Kaproth နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marchiel တို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ အမေရိကန်နိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန အာရှနှင့် အရှေ့တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Seth Bleiweis နှင့် အရှေ့တောင်အာရှဆိုင်ရာ ဘဏ္ဍာရေးသံမှူး Mr. Matthew Mohlenkamp တို့ လိုက်ပါခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အရှေ့တောင်အာရှဒေသဆိုင်ရာ ဒုတိယလက်ထောက်ဝန်ကြီး Mr. Robert Kaproth နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marchiel တို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဒီဇင်ဘာ ၅**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် တီးတိန်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီ၊ တွန်းဇံမြို့၊ ရမ်ကလောင်းနှင့် မိုးကုတ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် ဟဲဟိုးမြို့၊ မင်းတပ်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ တပ်ကုန်းမြို့တွင် ၀ ဒသမ ၁၆လက်မ၊ ရမည်းသင်းမြို့တွင် ၀ ဒသမ ၁၂လက်မနှင့် လွိုင်လင်မြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၃ ။)**
**၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်**
**(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဆေးပညာရပ်** ဆိုသည်မှာ အနောက်တိုင်းနည်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးသည့်ဆေးပညာရပ်၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာရပ်၊ သူနာပြုပညာရပ်၊ သားဖွားပညာရပ်၊ ဆေးဝါး ပညာရပ်၊ ဆေးဘက်ဆိုင်ရာနည်းပညာရပ်၊ ပြည်သူ့ကျန်းမာရေး ပညာရပ်နှင့် အခြေခံကျန်းမာရေးဆိုင်ရာပညာရပ်များကို ဆိုသည်။

(ခ) **လက်မှတ်** ဆိုသည်မှာ ပုဒ်မ ၇ ပါ တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် သင်တန်းကျောင်းက အပ်နှင်းသော အသိအမှတ်ပြုလက်မှတ် ကို ဆိုသည်။ ယင်းစကားရပ်တွင် စဉ်ဆက်မပြတ်ဆေးပညာ သင်ကြားရေး (Continuing Medical Education)နှင့် စဉ်ဆက် မပြတ် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု (Continuing Professional Development) များအတွက် ပေးအပ် သည့် လက်မှတ်များ မပါဝင်။

(ဂ) **ကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ် များ ကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များအပ်နှင်း ပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ကောလိပ်နှင့် သင်တန်းကျောင်းများ ကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်ရန်၊

(ခ) ဆေးပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များအပ်နှင်း ပိုင်ခွင့်ရှိသည့်တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်၊

(ဂ) ဆေးပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အပ်နှင်း ပိုင်ခွင့်ရှိသည့်တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ သည် နိုင်ငံတော်ကချမှတ်ထားသော အမျိုးသားပညာရေးမူဝါဒ၊ ကျန်းမာရေးမူဝါဒများနှင့်အညီ ဖြစ်စေရန်၊

(ဃ) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အသုံး ပြုရာတွင် ဥပဒေနှင့်အညီ ဖြစ်စေရန်။

## အခန်း(၃)
## မြန်မာနိုင်ငံဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကြီးကြပ်ရေးကော်မတီ၊ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များ ကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(၃) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန

(၅) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆေးကောင်စီ

(၆) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

(၇) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီ

(၈) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ

(၉) ပါမောက္ခချုပ် တစ်ဦးစီ — အဖွဲ့ဝင်
ဆေးတက္ကသိုလ်များ

(၁၀) ပါမောက္ခချုပ် — အဖွဲ့ဝင်
တပ်မတော်ဆေးတက္ကသိုလ်

(၁၁) ပါမောက္ခချုပ် တစ်ဦးစီ — အဖွဲ့ဝင်
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ

(၁၂) ပါမောက္ခချုပ် တစ်ဦးစီ — အဖွဲ့ဝင်
ဆေးဝါးတက္ကသိုလ်များ

(၁၃) ပါမောက္ခချုပ် တစ်ဦးစီ — အဖွဲ့ဝင်
ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ

(၁၄) ပါမောက္ခချုပ် တစ်ဦးစီ — အဖွဲ့ဝင်
သူနာပြုတက္ကသိုလ်များ

(၁၅) ပါမောက္ခချုပ် — အဖွဲ့ဝင်
တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်

(၁၆) ပါမောက္ခချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးတက္ကသိုလ်

(၁၇) ပါမောက္ခချုပ် — အဖွဲ့ဝင်
အခြေခံကျန်းမာရေးတက္ကသိုလ်

(၁၈) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များအပ်နှင်း ခြင်းနှင့် စပ်လျဉ်းသည့် မူဝါဒများချမှတ်ခြင်း၊

(ခ) လုပ်ငန်းကော်မတီနှင့် လိုအပ်သောအဖွဲ့များ ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီနှင့် အဖွဲ့များ၏ ဆောင်ရွက်မှုများကို ကြီးကြပ် ခြင်း၊

(ဃ) ဤဥပဒေအရ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ် များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်း ကျောင်းများကို အသိအမှတ်ပြုခြင်း၊

(င) သက်ဆိုင်ရာဆေးပညာရပ်အလိုက် ဖွင့်လှစ်ထားသော တက္ကသိုလ်၊ ကောလိပ်နှင့်သင်တန်းကျောင်းများမှ အပ်နှင်းသော ဘွဲ့၊ ဒီပလိုမာ နှင့် လက်မှတ်များသတ်မှတ်မှုကို စိစစ်ခြင်း။

၆။ (က) ကြီးကြပ်ရေးကော်မတီသည် လုပ်ငန်းကော်မတီကို အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

(၁) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန

(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
(ဝန်ထမ်းရေးရာ)ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ဘဏ္ဍာ) — အဖွဲ့ဝင်
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန

(၄) ညွှန်ကြားရေးမှူး (သတင်းအချက်အလက်) — အဖွဲ့ဝင်
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန

(၅) ညွှန်ကြားရေးမှူး (သူနာပြု) — အဖွဲ့ဝင်
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန

(၆) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
(သင်ကြားရေး)ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန

(၇) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး(၁)
(လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး (စည်းမျဉ်း၊ စည်းကမ်း/စစ်ဆေးရေး) — တွဲဖက်အတွင်းရေးမှူး(၂)
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန

(ခ) ကြီးကြပ်ရေးကော်မတီသည် ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်း ဖြစ်သည်-

(၁) လိုအပ်သောအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(၂) ဤဥပဒေအရ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ် နှင့်သင်တန်းကျောင်းများ၏ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ် များအပ်နှင်းမှုအခြေအနေကို -

(ကက) စိစစ်၍ ကြီးကြပ်ရေးကော်မတီသို့ တင်ပြ လမ်းညွှန်မှု ခံယူခြင်း၊

(ခခ) လိုအပ်ပါကသက်ဆိုင်ရာပညာရှင်များ၏ အကြံ ဉာဏ်ကိုရယူညှိနှိုင်းစိစစ်၍ ကြီးကြပ်ရေး ကော်မတီသို့ တင်ပြလမ်းညွှန်မှုခံယူခြင်း။

(၃) ကြီးကြပ်ရေးကော်မတီက ပေးအပ်သော တာဝန်ကို ဆောင်ရွက်ခြင်း။

## အခန်း(၄)
## ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ

၇။ အောက်ဖော်ပြပါ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများသည် သက်ဆိုင်ရာ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အပ်နှင်း ပိုင်ခွင့်ရှိသည်-

(က) ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေအရ တည်ထောင်ထားသော တက္ကသိုလ်များ၊

(ခ) ဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အောက်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ၊

(ဂ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်သော ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများ။

## အခန်း(၅)
## တားမြစ်ချက်၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ

၈။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကိုမပြုရ-

(က) ပုဒ်မ ၇ ပါ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများမှအပ အခြားဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အပ်နှင်းခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။

၉။ မည်သူမျှ ပုဒ်မ ၇ ပါအပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများကအပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် လက်မှတ် မရရှိဘဲ အဆိုပါ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်အခေါ်အဝေါ် များကို မိမိအမည်နှင့် ယှဉ်တွဲ၍ သုံးစွဲဖော်ပြခြင်းမပြုရ။

၁၀။ မည်သူမဆိုပုဒ်မ ၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်း ၅၀ မှ အများဆုံးကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

၁၁။ မည်သူမဆို ပုဒ်မ ၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် ၂၅ သိန်းမှ အများဆုံးကျပ်သိန်း ၅၀ ထိ ငွေဒဏ်လည်း ချမှတ်ရမည်။

၁၂။ မည်သူမဆို ပုဒ်မ ၁၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်း ပြစ်မှုကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်လည်း ချမှတ်ရမည်။

## အခန်း(၆)
## အထွေထွေ

၁၃။ ဝန်ကြီးဌာနသည်-

(က) ကြီးကြပ်ရေးကော်မတီ၏ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက် ရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၁၄။ ဤဥပဒေ ပုဒ်မ ၁၁ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၁၅။ ဤဥပဒေပါ ပြစ်မှုကို ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၁၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

၁၇။ The Burma Medical Degrees Act (India Act VII, 1916) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့၏ နှစ် (၃၀) ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် (၃၁) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၅

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့် အဖွဲ့သည် ဒီဇင်ဘာ ၃ ရက်မှ ၄ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ The Hague Marriott Hotel ၌ ကျင်းပသော ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့၏ နှစ် (၃၀) ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အဆိုပါအဖွဲ့အစည်း၏ (၃၁) ကြိမ်မြောက် အုပ်ချုပ်မှု ကောင်စီအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။**

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၃ ရက် ဒေသ စံတော်ချိန် နံနက် ၁၀ နာရီတွင် The Hague Marriott Hotel ရှိ A1 Congress Hall ၌ ကျင်းပပြုလုပ်သည့် ကုန်စည်များဆိုင်ရာဘုံရန်ပုံငွေအဖွဲ့၏ နှစ် (၃၀) ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် (၃၁) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီ အစည်းအဝေးဖွင့်ပွဲသို့ ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေ



အဖွဲ့အစည်း၏ အုပ်ချုပ်မှုဆိုင်ရာ မြန်မာကိုယ်စားလှယ် အဖြစ် တက်ရောက်ခဲ့သည်။

### ဆွေးနွေးပွဲများသို့ တက်ရောက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကဏ္ဍအလိုက် ဆွေးနွေးပွဲများဖြစ်သည့် ကုန်စည်ကဏ္ဍဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွေ့အကြုံများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၊ ကုန်စည်ဆိုင်ရာတန်ဖိုးကွင်းဆက်များ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ၊ ကုန်စည်များအလိုက် ကောင်းမွန်သော အပြောင်းအလဲများ ဖန်တီးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့် လူမှုစီးပွားရေးလုပ်ငန်းများ၏ မျှော်မှန်းချက်ဆိုင်ရာ ဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ခဲ့ပြီး ညနေပိုင်းတွင် Art Museum The Hague ၌ ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့အစည်း၏ ဦးဆောင်ညွှန်ကြားရေးမှူးက တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၄ ရက်တွင် ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့အစည်း၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် Mr. Parvindar Singh နှင့် သီးခြားတွေ့ဆုံ၍ (ဝဲပုံ) မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် Micro Level မှစတင်၍ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်လုံး၌ မူဝါဒပိုင်းဆိုင်ရာအပါအဝင် ချိတ်ဆက်ဆောင်ရွက်နိုင်စေရေးအတွက် ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့အစည်းမှပေးအပ်သည့် ဘဏ္ဍာရေးအရင်းအမြစ်များနှင့် နည်းပညာအကူအညီများ တိုးတက်ရရှိစေရေးနှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးနိုင်ရေးအတွက် ပံ့ပိုးကူညီပေးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

### မြန်မာနိုင်ငံကိုယ်စားပြု၍ ပါဝင်မဲပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့၏ (၃၁) ကြိမ်မြောက် အုပ်ချုပ်မှုကောင်စီအစည်းအဝေးနှင့်စပ်လျဉ်းသည့် အစီအစဉ်များသို့ ဆက်လက်တက်ရောက်ခဲ့ပြီး အဆိုပါ အဖွဲ့အစည်း၏ ဦးဆောင်ညွှန်ကြားရေးမှူး ရာထူးရွေးချယ်တင်မြှောက်ခြင်းအတွက် မြန်မာနိုင်ငံကိုယ်စားပြု၍ ပါဝင်မဲပေးခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယလက်ထောက် ဘဏ္ဍာရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် အမေရိကန် ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယလက်ထောက် ဘဏ္ဍာရေးဝန်ကြီး Mr. Robert Kaproth နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Mr. Scot Marciel နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စ၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာအကူအညီပေးရေးဆိုင်ရာကိစ္စ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) ပါ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုစီမံချက်များ (Public–Private Partnership projects) အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသည့် စီမံချက်များ (Quality Projects) ဖြစ်ရေးအတွက် ပံ့ပိုးကူညီပေးမည့် အခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ပြည်ထောင်စုက ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအား ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယလက်ထောက် ဘဏ္ဍာရေးဝန်ကြီး Mr. Robert Kaproth နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Mr. Scot Marciel နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာ သောမက်စ် ကာလ်နိုင်ဇင်ကာအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဂျာမနီနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာ သောမက်စ် ကာလ်နိုင်ဇင်ကာအား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ မြို့ပြဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ကျေးလက်ဒေသရှိ လမ်းများ အဆင့်မြှင့်တင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအောင်ထူး တူရကီနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံသံအမတ်ကြီး Mr. Kerem Divanlioglu နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ-၂ ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် မြန်မာနှင့် တူရကီ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး၊ မြန်မာနိုင်ငံမှ အထည်အလိပ်ပို့ကုန်များ တူရကီနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ ပညာရေးကဏ္ဍ၊ အာမခံလုပ်ငန်းကဏ္ဍ၊ လေကြောင်းကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍများတွင် တူရကီနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံအတွက် အလုပ်သင် သင်တန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ ပံ့ပိုးပေးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ စီးပွားရေးလုပ်ငန်းများအချင်းချင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းတို့အပြင် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကုန်စည်ပြပွဲများ၊ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး အစီအစဉ်များအား ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**



# အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသတင်းများ

## ဆီးဂိမ်းကြက်တောင်ပြိုင်ပွဲ တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦး ကွာတားဖိုင်နယ်တက်ရောက်

**မနီလာ ဒီဇင်ဘာ ၅**

၂၀၁၉ ဆီးဂိမ်းကြက်တောင်ပြိုင်ပွဲ၏ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲပထမအဆင့်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပရာ မြန်မာကစားသမားနှစ်ဦး ကွာတားဖိုင်နယ် တက်ရောက်သွား သည်။

တစ်ဦးချင်း အမျိုးသမီးပြိုင်ပွဲတွင် သက်ထားသူဇာ၊ အမျိုးသားပြိုင်ပွဲတွင် ဖုန်းပြည့်နိုင်တို့ ပထမအဆင့်တွင် နိုင်ပွဲရယူပြီး ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ သက်ထားသူဇာက မလေးရှားကစားသမားကို အနိုင်ရခဲ့သော်လည်း တွယ်တာဦးမှာမူ စင်ကာပူကစားသမားကို အရေးနိမ့်ခဲ့သည်။



မြန်မာ့လက်ရွေးစင် ကြက်တောင်မယ် သက်ထားသူဇာ ယှဉ်ပြိုင်နေစဉ်။

သက်ထားသူဇာသည် မလေးရှားကစားသမားဆိုနီယာကို အနိုင်ရခဲ့ခြင်းဖြစ်ပြီး တတိယပွဲငယ်တွင် ပြိုင်ဘက်ကစားသမားအရှုံးပေးခဲ့သောကြောင့် ပွဲမပြီးခင် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ သက်ထားသူဇာသည် ပထမပွဲငယ်တွင် ၁၈-၂၁ မှတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပုံမှန်လက်စွမ်းပြန်ရကာ ၂၁-၁၅ မှတ်ဖြင့်ပြန်လည်အနိုင်ရခဲ့သည်။ တတိယပွဲငယ်တွင်လည်း ဆက်တိုက်ဦးဆောင်ခဲ့ပြီး ၁၂-၅ မှတ်ဖြစ်နေချိန်တွင် ပြိုင်ဘက်ကစားသမားကအရှုံးပေးခဲ့ခြင်းဖြစ်သည်။ တွယ်တာဦးမှာမူ စင်ကာပူကစားသမားကိုအရေးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ သက်ထားသူဇာသည် ကွာတားဖိုင်နယ်တွင်အင်ဒိုနီးရှားကစားသမားနှင့် တွေ့ဆုံနေသည်။ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဖုန်းပြည့်နိုင်မှာမူ ကမ္ဘောဒီးယားကစားသမားကို နှစ်ပွဲ - တစ်ပွဲဖြင့် အနိုင်ယူပြီး ကွာတားဖိုင်နယ် တက်ရောက်သွားသည်။

အောင်မျိုးမျိုးထူးမှာမူ ဖိလစ်ပိုင်ကစားသမားကို နှစ်ပွဲပြတ် အရေးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရပြီး အမျိုးသား + အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ဟိန်းစည်သူတိုးနှင့် တွယ်တာဦးအတွဲမှာ ထိုင်းအတွဲကို အရေးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မနီလာ)**

### အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၅-၁၂-၂၀၁၉

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဖိလစ်ပိုင် | ၆၃ | ၄၅ | ၃၄ | ၁၄၂ |
| ဗီယက်နမ် | ၃၁ | ၃၅ | ၄၁ | ၁၀၇ |
| အင်ဒိုနီးရှား | ၂၇ | ၃၆ | ၃၉ | ၁၀၂ |
| စင်ကာပူ | ၂၆ | ၁၉ | ၂၉ | ၇၄ |
| မလေးရှား | ၂၃ | ၁၆ | ၂၄ | ၆၃ |
| ထိုင်း | ၁၆ | ၂၂ | ၃၀ | ၆၈ |
| မြန်မာ | ၂ | ၈ | ၂၃ | ၃၃ |
| ကမ္ဘောဒီးယား | ၂ | ၃ | ၁၇ | ၂၂ |
| ဘရူနိုင်းဒါရူဆလမ် | ၁ | ၅ | ၅ | ၁၁ |
| လာအို | ၀ | ၂ | ၁၀ | ၁၂ |
| တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

## မြန်မာအမျိုးသမီးဘောလုံးအသင်း ထိုင်းကိုရှုံးနိမ့်ပြီး ဗိုလ်လုပွဲနှင့် လွဲချော်

**မနီလာ ဒီဇင်ဘာ ၅**

၂၀၁၉ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲဆီမီးဖိုင်နယ်ကို ယနေ့ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အရေးနိမ့်ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဗိုလ်လုပွဲတက်ရောက်နိုင်သည့် ခြေစွမ်းမျိုးရှိခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ထိုင်းအမျိုးသမီးအသင်း၏ ကစားပုံမှာ သာမန်သာရှိသော်လည်း မြန်မာအမျိုးသမီးအသင်းအနေဖြင့် ဗိုလ်လုပွဲတက် ရောက်နိုင်မည့် အခွင့်အရေးကို လက်လွှတ်ခဲ့ရသည်။

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုးသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သော်လည်း ခင်မာလာထွန်း၊ ဝင်းသိင်္ဂီထွန်း၊ မြဖူးငုံ၊ ရီရီဦးတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲအစပိုင်းသာ ထိုင်းအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသော်လည်း နောက်ပိုင်းတွင် ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သည်။ ၁၂ မိနစ်တွင် မြန်မာအသင်းတိုက်စစ်မှူး ရီရီဦး အပိုင်ကန်ခွင့်ရခဲ့သော်လည်း ဂိုးထဲဝင်ခါနီးမှ ထိုင်းနောက်ခံလူ ဖျက်ထုတ်နိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ ပထမပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့သော်လည်း ဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ ထိုင်းအသင်းသည် ဒုတိယပိုင်းတွင် အမာခံကစားသမားအချို့ကို ထည့်သွင်းကစားခဲ့ပြီး နောက်ပိုင်း ပြန်လည်ဖိကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၆၈ မိနစ်တွင် ဝင်းသိင်္ဂီထွန်း အပိုင်ကန်ခွင့်ရသော်လည်း ထိုင်းဂိုးသမား ကာကွယ်နိုင်ခဲ့ သည်။ ၇၇ မိနစ်တွင် ထိုင်းအသင်း အနိုင်ဂိုးရခဲ့ပြီး ဝီရာပွန် က အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ် အခြားပွဲတွင် ဗီယက်နမ်အသင်းက အိမ်ရှင်ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်း၊ တတိယနေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် အိမ်ရှင်ဖိလစ်ပိုင်အသင်းတို့ ဒီဇင်ဘာ ၈ ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲများ ထွက်ပေါ်

**မနီလာ ဒီဇင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲများ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်များမှာ ဒီဇင်ဘာ ၅ ရက်က ပြီးဆုံးခဲ့ပြီး အုပ်စု (က) တွင် မြန်မာအသင်းက ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ ကမ္ဘောဒီးယားအသင်းကခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု(ခ) တွင် ဗီယက်နမ်အသင်းက ၁၃ မှတ်ဖြင့် ပထမ၊ အင်ဒိုနီးရှားအသင်းက ၁၂ မှတ်ဖြင့် အုပ်စုဒုတိယရရှိခဲ့သည်။ လက်ရှိချန်ပီယံ ထိုင်းအသင်း အပါအဝင် နာမည်ကြီးအသင်းများ ဖြစ်သည့် မလေးရှား၊ စင်ကာပူအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ဒီဇင်ဘာ ၅ ရက်က ကစားသည့် နောက်ဆုံးပွဲတွင် ထိုင်းအသင်းသည် ဗီယက်နမ်ကို သရေသာကစားနိုင်သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက် ခွင့်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲများကို ဒီဇင်ဘာ ၇ ရက်တွင် မနီလာမြို့ရှိ ရီဇယ်လ်အမှတ်တရကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ညနေ ၆ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုပွဲများတွင် ရှုံးပွဲ လုံးဝမရှိခဲ့ဘဲ သုံးပွဲနိုင်၊ တစ်ပွဲသရေဖြင့် တက်ရောက်လာခြင်းဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် မလေးရှားနှင့် တစ်ဂိုးစီသရေကျကာ အိမ်ရှင်ဖိလစ်ပိုင်ကို နှစ်ဂိုး-တစ်ဂိုး၊ တီမောအသင်းကိုသုံးဂိုး-တစ်ဂိုး၊ ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလာခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

## 9 Ball Pool ပြိုင်ပွဲတွင် မြန်မာအတွဲ ရွှေဆုရယူ

**မနီလာ ဒီဇင်ဘာ ၅**

ဆီးဂိမ်း 9 Ball Pool နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာအတွဲဖြစ်သည့် ဖုန်းမြင့်ကျော်(ခ) မောင်မောင်နှင့် အောင်မိုးသူအတွဲ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။



ရွှေဆုရ ဖုန်းမြင့်ကျော် (ခ) မောင်မောင်နှင့် အောင်မိုးသူအတွဲ ဆုယူအပြီး တွေ့ရစဉ်။

မြန်မာအတွဲသည် ၂၀၁၇ ဆီးဂိမ်းချန်ပီယံစင်ကာပူအတွဲနှင့် ဗိုလ်လုပွဲတွင်တွေ့ဆုံခဲ့ပြီး ကိုးပွဲ-လေးပွဲဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ မြန်မာအတွဲသည် အံ့အားသင့်ဖွယ်စွမ်းဆောင်မှုနှင့်အတူ ရှစ်ပွဲဆက် အနိုင်ရခဲ့သည်။ ကိုးပွဲမြောက်ပွဲငယ်တွင် အနိုင်ရပါက ချန်ပီယံဖြစ်ရန် ကြိုးစားခဲ့သော်လည်း နောက်ဆုံးနှစ်လုံးအကျန်တွင် ဝင်အောင်မထိုးနိုင်တော့ဘဲ ပြိုင်ဘက်ကို အခွင့်အရေးပေးခဲ့ရသည်။ စင်ကာပူအတွဲသည် ပွဲငယ်လေးပွဲဆက် ပြန်အနိုင်ရသော်လည်း ၁၃ ပွဲမြောက်တွင် မြန်မာအတွဲက ပြန်လည်အနိုင်ယူကာ ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအတွဲသည် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲ ဗိုလ်လုပွဲမှ ရှုံးကြေးကို ပြန်ဆပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအတွဲသည် ကွာတားဖိုင်နယ်တွင် ထိုင်းအတွဲ၊ ဆီမီးဖိုင်နယ်တွင် ဖိလစ်ပိုင်အတွဲ၊ ဗိုလ်လုပွဲတွင် စင်ကာပူအတွဲကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။

ဖုန်းမြင့်ကျော်(ခ) မောင်မောင်နှင့် အောင်မိုးသူတို့ ရယူပေးခဲ့သည့် ရွှေတံဆိပ်ဆုမှာ ယခုဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရရှိသည့် ဒုတိယမြောက် ရွှေဆုဖြစ်ခဲ့သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**
**(ခေတ္တ- မနီလာ)**

## မြန်မာဂျူဒိုအဖွဲ့ ငွေတစ်ခုနှင့် ကြေးတစ်ခုထပ်မံရရှိ

**မနီလာ ဒီဇင်ဘာ ၅**

ဆီးဂိမ်းဂျူဒိုပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ကျင်းပရာ မြန်မာဂျူဒိုအဖွဲ့ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုစီ ထပ်မံရယူနိုင်ခဲ့သည်။

မြန်မာဂျူဒိုအဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီး -၅၂ ကီလိုတန်းပြိုင်ပွဲတွင် ခင်ခင်စုက ရယူပေးခဲ့ခြင်းဖြစ်ပြီး ကြေးတံဆိပ်ဆုကို အမျိုးသား -၆၆ ကီလိုတန်းပြိုင်ပွဲတွင် အောင်ဇေယျာထွန်းက ရရှိခဲ့သည်။ ခင်ခင်စုသည် ကွာတားဖိုင်နယ်တွင် အိမ်ရှင်ဖိလစ်ပိုင်ကစားသမားကို ကျော်ဖြတ်နိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်တွင်လည်း စင်ကာပူကစားသမားကို ထပ်မံအနိုင်ရခဲ့သည်။ ထို့ကြောင့် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားခွင့်ရသော်လည်း ထိုင်းကစားသမားကို ရှုံးနိမ့်သဖြင့် ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ အောင်ဇေယျာထွန်းမှာလည်း ကွာတားဖိုင်နယ်တွင် ထိုင်ကစားသမားကို အနိုင်ရကာ ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားကစားသမားကို ရှုံးနိမ့်သဖြင့် တတိယလုပွဲ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ယင်းပွဲတွင် အောင်ဇေယျာထွန်းက မလေးရှားကစားသမားကို အနိုင်ယူကာ မြန်မာဂျူဒိုအဖွဲ့ အတွက် ကြေးတံဆိပ်ရယူပေးခဲ့ခြင်းဖြစ်သည်။

ဂျူဒိုပြိုင်ပွဲဒုတိယနေ့အပြီးတွင် မြန်မာအားကစားအဖွဲ့ကငွေတစ်ခု၊ ကြေးနှစ်ခု ရရှိထားသည်။

**ညီမြတ်သော်တာ**

# နယ်မြေခံတပ်၌ စစ်တရားရုံး ရုံးထိုင်စစ်ဆေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

ဂူတာပြင်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ စစ်ဆေးစီရင်ရန်အတွက် တပ်မတော် အက်ဥပဒေ၊ တပ်မတော် နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းခဲ့သည့် စစ်တရားရုံး (Court-Martial) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တရားရုံး၏ လုပ်ထုံးလုပ်နည်းများနှင့် အညီရုံးထိုင်စစ်ဆေးခြင်းအား နိုဝင်ဘာ ၂၆ ရက်တွင် ဘူးသီးတောင်မြို့ နယ်မြေခံတပ်၌ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။(ဓါတ်ပုံ)



စစ်တရားရုံးသည် တပ်မတော်သား တရားလိုဘက် သက်သေများကို စစ်မေးခြင်း၊ အရပ်သားတရားလိုဘက် သက်သေများကို စစ်မေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ စွပ်စွဲခံရသူများကို စစ်မေးခြင်းနှင့် တရားခံဘက် သက်သေများကို စစ်မေးခြင်းတို့အား စစ်တရားရုံး၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဟု စစ်ဥပဒေချုပ်ရုံးမှ သတင်းရရှိကြောင်း တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

# မင်းဘူးမြို့ မြေနုကျွန်းကော်မတီဝင်များ ရောဝတီမြစ်လယ် မြေနုကျွန်းကိစ္စနှင့် ပတ်သက်၍ တွေ့ဆုံရှင်းလင်း

မင်းဘူး ဒီဇင်ဘာ ၅

**မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့တွင် ရောဝတီမြစ်လယ် မြေနုကျွန်းကိစ္စနှင့်ပတ်သက်၍ တွေ့ဆုံရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း မင်းဘူး (မြို့မ)ရဲစခန်းမှ သိရသည်။**

ဖြစ်စဉ်မှာ မင်းဘူးမြို့ အမှတ်(၃) ရပ်ကွက်အနီးရှိ ရောဝတီမြစ်လယ် မြေနုကျွန်း ကွင်းအမှတ်(၁၃၂၇) ကွင်းပိုင်ရှင် မင်းဘူးမြို့နေသူများက ၃၀-၁၁-၂၀၁၉ ရက်နေ့တွင် ထွန်ယက်စိုက်ပျိုးရန်အတွက် ကွင်းအမှတ် (၁၃၂၇)တွင် ကိုင်းပင်များ သွားရောက်ရှင်းလင်းခုတ်ထွင်ခဲ့ရာ ဧက ၃၀ ခန့် ပြီးစီးခဲ့ကြောင်း၊ မကွေးမြို့ နံကပ်ကျွန်းအုပ်စု ဝါးတောကျေးရွာသား ၁၀၀ ခန့်က မင်းဘူးမြို့ အမှတ်(၃) ရပ်ကွက်ပိုင် မြေနုကျွန်းနေရာသို့ လာရောက်ကျူးကျော်ပြီး တာများမှတ်ခဲ့သဖြင့် မြေနုကျွန်းကော်မတီအဖွဲ့ဝင်များမှ အမှတ်(၃)ရပ်ကွက်သားများအား ထိန်းသိမ်း၍ ပြန်လည်ခေါ်ဆောင်လာသဖြင့် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

ထို့နောက် ၁-၁၂-၂၀၁၉ ရက်တွင် မင်းဘူးမြို့ အမှတ်(၃) ရပ်ကွက် ရောဝတီမြစ်လယ် မြေနုကျွန်း ကွင်းအမှတ်(၁၃၂၇)အနီးသို့ သဲစုပ်ယူလုပ်ကိုင်သူများ သွားရောက်လုပ်ကိုင်စဉ် ဝါးတောကျေးရွာသားများက လေးခွများဖြင့် ပစ်ခဲ့ကြောင်း၊ ၄-၁၂-၂၀၁၉ ရက်နေ့ နံနက်ပိုင်းတွင် ဝါးတောကျေးရွာသား ၈၀ ခန့်က ထွန်စက်တစ်စီး၊ နွားလှည်း နှစ်စီးဖြင့် ကွင်းအမှတ်(၁၃၂၇)သို့ လာရောက်စိုက်ပျိုးနေကြောင်း စုံစမ်းသိရှိရသဖြင့် အမှတ် (၃) ရပ်ကွက်အနီးရှိ ရောဝတီမြစ်လယ် မြေနုကျွန်းကိစ္စနှင့် ပတ်သက်၍ ဥပဒေအတိုင်း တိုင်းတာတွက်ချက်ပြီးမှသာ သွားရောက်လုပ်ကိုင်ရန်နှင့် မကွေးမြို့ဘက်မှ လာရောက် နေထိုင်သူများကို သွားရောက် ဟန့်တားခြင်းမပြုရန် မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲသို့ မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းထွန်း၊ မင်းဘူးမြို့ အမှတ်(၃) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်အောင်နှင့် မြေနုကျွန်းကော်မတီဝင်များက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

# လှိုင်သာယာမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူ တစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၆ရက် မွန်းလွဲ ၁ နာရီခန့်တွင် နယ်မြေအတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်များ ခိုးယူရောင်းချနေကြောင်း ကြိုတင်သတင်းရရှိထားသူ ကိုနိုင် (ခ) မွေးနီအား လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက်၊ ဝေပုလ္လလမ်းမပေါ်၌ ဆိုင်ကယ် တစ်စီးအားရောင်းချနေစဉ် တွေ့ရှိစစ်ဆေးရာ ၎င်းဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားမပြနိုင်သဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့်သိမ်းဆည်းပြီး အမှုဖွင့်ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသူ ကိုနိုင်(ခ)မွေးနီအား အခြားပြစ်မှုများကျူးလွန်ခဲ့ခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလများအတွင်း လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက် ဝေပုလ္လလမ်းရှိ နေအိမ် နှစ်အိမ်မှ ဆိုင်ကယ် နှစ်စီး၊ ဆရာစံလမ်းရှိ နေအိမ် တစ်အိမ်အတွင်းမှ ဆိုင်ကယ် တစ်စီး၊ ရွှေမင်းဝံလမ်းမဘေးရှိ နေအိမ်တစ်အိမ်အတွင်းမှ ဖုန်း တစ်လုံး၊ (၁၈)ရပ်ကွက်၊ ဗိုလ်တာရာလမ်းရှိ နေအိမ် သုံးအိမ်အတွင်းမှ ဖုန်းသုံးလုံး၊ ရွှေရင်အေးလမ်းမဘေးရှိ နေအိမ်လေးအိမ်မှ ဖုန်းသုံးလုံးနှင့် ဆိုင်ကယ်တစ်စီး၊ ဆရာစံလမ်းရှိ နေအိမ် နှစ်အိမ်မှ ဖုန်းနှစ်လုံး၊ စုစုပေါင်း ဆိုင်ကယ် လေးစီးနှင့် ဖုန်း ၁၀ လုံးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှသက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ ကိုနိုင် (ခ) မွေးနီအား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ပိုင်ရှင်များအနေဖြင့် သောင်ကြီးနယ်မြေရဲစခန်းသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကလေးအလုပ်သမား ဟူသည်အဘယ်နည်း။



ဤသို့ အဆိုးရွားဆုံးပုံစံများတွင် ကလေးသူငယ်များ ကျွန်ပြုခံရခြင်း၊ ပြင်းထန်သော ဘေးဥပဒ်နှင့် နာမကျန်းရောဂါတို့မှ အကာအကွယ်မဲ့စေခြင်း(သို့) မြို့ကြီးပြကြီးများရှိ လမ်းများပေါ် ရံဖန်ရံခါ အသက်အရွယ်အလွန်ငယ်သူများပင် ဝမ်းရေးရှာဖွေစားသောက်ရခြင်းတို့ ပါဝင်ပါသည်။ အလုပ်၏ သီးခြားအလုပ်ပုံစံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကလေးအလုပ်သမားဟု ခေါ်ဆိုနိုင်ရန်မှာ နိုင်ငံတစ်နိုင်ငံချင်းစီ၏ ရည်ရွယ်ချက်များနှင့် လုပ်ဆောင်ရသော အခြေအနေများ၊ ကလေးအသက်၊ အလုပ်အမျိုးအစားနှင့် အလုပ်ချိန်တို့အပေါ် မူတည်ပါသည်။ နိုင်ငံတွင်းရှိ လုပ်ငန်းကဏ္ဍများအလိုက်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ အဖြေကွဲပြားခြားနားမှု ရှိပါသည်။

**ကလေးအလုပ်သမားသည် ကာယကံရှင်အတွက်သာမက နိုင်ငံအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအား ဦးစားပေးလုပ်ဆောင်ရာတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်အနှောင့်အယှက်ဖြစ်စေပြီး လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုမြင့်မားစေသည်။**

**ကလေးအလုပ်သမားများသည် ပညာရည်နည်းပါးမှုနှင့် နိမ့်ကျသော အလုပ်စွမ်းအားဖြင့် လည်ပတ်နေရ၍ နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ယှဉ်ပြိုင်နိုင်မှုကို အကျိုးသက်ရောက်စေနိုင်သည်။**

**ပါဝင်ပတ်သက်သူများ၏ တုံ့ပြန်ချက်**



ဤဖြစ်စဉ်၏ ကွဲပြားသောအကြောင်းရင်းခံများကို ကိုင်တွယ်ဖြေရှင်းရန် အလို့ငှာ ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေး ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူအားလုံးအနေဖြင့် အလုံးစုံချဉ်းကပ်မှုတစ်ရပ်ကို လက်ခံကျင့်သုံးရန် လိုအပ်ပေသည်။ ကလေးအလုပ်သမားကိစ္စတွင် နိုင်ငံတော်အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများအပြင် အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံး၏ အပြုသဘောဆောင်သော တုံ့ပြန်မှုလိုအပ်ပါသည်။ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အစီအစဉ်တို့တွင် သက်ဆိုင်သူအားလုံးမှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပညာရေးပြုပြင်ပြောင်းလဲခြင်း၊ ဘဏ္ဍာငွေသတ်မှတ်ရေးနှင့် ဘဏ္ဍာရေးအရင်းအမြစ်များအတွက် ပုံမှန်ကတိကဝတ်ပြုမှုအပေါ် အာရုံစိုက်အလေးထားရန် အထူးလိုအပ်ပေသည်။

## မြန်မာ့ရုပ်မြင်သံကြား

၆-၁၂-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၅ - MRTV Travelogue
၈:၃၀ - ICJ ဆိုင်ရာဥပဒေရေးရာ စကားဝိုင်း
၉:၃၅ - "တက္ကသိုလ်များရဲ့ မိခင်ကြီး ရာပြည့် သဘင်ပွဲ စတင်ပြီ"
၁၀:၅၀- အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြင်ကွင်းများ
၁၂:၃၅ - ဒေါက်တာအဲ(န်)နာရွှေလွှမ်း (ချင်းလူနည်းစု) (ဖိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း
၁၂:၄၅ - "အကြိမ်(၃၀)မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲမြင်ကွင်းများ"

**ညပိုင်း**

၁၆:၂၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo(100)
- ပုဂံလမ်းကစောင့်နေမယ် (တင့်တင့်ထွန်း)
၁၆:၂၅ - "ဦးကျော်သူ(ခေါ်)ရိုလန်ချောင်ထရီနှင့် ကိုကို (စက်မှုတက္ကသိုလ်) တို့ တွေ့ဆုံမေးမြန်းခန်း"
၁၇:၁၀ - "ဒေါက်တာဝင်းမြတ်အေး (လူကယ်/ပြန်) ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း" (အပိုင်း-၁)
၁၇:၄၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "သန်းခေါင်ယံ+တောက်ချလိုက်မယ်"
၁၈:၂၅ - BBC Click
၁၈:၃၅ - "မဈေးမအလင်း"
၁၉:၂၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စစ်ဆိုသည်မှာ" (အပိုင်း- ၁၅)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀:၃၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo (100)
- တက္ကသိုလ်ရာပြည့်ဂုဏ်ပြု အစီအစဉ်(Promo)
၂၀:၃၅ - ပြည်သူ့အကျိုးပြု မှတ်တိုင်များ
- "စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း" (SI TE) (အပိုင်း-၃)
- အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြင်ကွင်းများ

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အာဆီယံ - ကိုရီးယား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၅

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အာဆီယံ – ကိုရီးယားဗဟိုဌာနတို့ ပူးပေါင်း၍ ဒစ်ဂျစ်တယ်နည်းပညာသုံး၍ ဈေးကွက်မြှင့်တင်ခြင်းဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း ခေါင်းစဉ်ဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။**




ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

### များစွာအထောက်အကူပြုမည်

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာများကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ၂၀၁၈ ခုနှစ်မှစပြီး ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ရည်မှန်းထားသော နိုင်ငံ၏ပုံရိပ်အားပိုမိုမြှင့်တင်နိုင်ရေး၊ ခရီးသွားလုပ်ငန်းဈေးကွက်များသို့ ထိထိရောက်ရောက်ကြော်ငြာနိုင်ရေး၊ မြန်မာနိုင်ငံခရီးသွားဆွဲဆောင်မှုများကို ကိုရီးယားလူမျိုးများ ပိုမိုသိရှိအောင် Digital Marketing နည်းလမ်းဖြင့် ဖြန့်ဝေပေးရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးမှုရလဒ်များသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုခြင်းဖြင့် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံ – ကိုရီးယားစင်တာမှ အထွေထွေအတွင်းရေးမှူးချုပ် Mr. Lee Hyuk က အမှာစကားပြောကြားသည်။

ယင်းနောက် အာဆီယံ – ကိုရီးယား ဗဟိုဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များက ခရီးသွားလုပ်ငန်းတွင် ပြောင်းလဲလာသော ဒစ်ဂျစ်တယ်၏ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြောင်းလဲလာသော ဒစ်ဂျစ်တယ်၏ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသော ဒစ်ဂျစ်တယ်နည်းပညာဖြင့် ကိုရီးယားခရီးသွားဧည့်သည်များအား ပိုမိုဆွဲဆောင်နိုင်မည့် ဈေးကွက်မြှင့်တင်ရေး ဗျူဟာများ၊ ဒစ်ဂျစ်တယ် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ပြောင်းလဲလာသော ပြည်သူ့ဆက်ဆံရေးမဟာဗျူဟာနှင့် လူမှုကွန်ရက်ဆိုင်ရာ သင်တန်းများ ပေးခြင်းစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

### ယှဉ်ပြိုင်မှုစွမ်းရည် အားကောင်းလာ

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အချိန်နှင့် တစ်ပြေးညီ ပြောင်းလဲလာသော ဒစ်ဂျစ်တယ်ခရီးသွားလုပ်ငန်းနှင့် လက်ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ နည်းပညာဖွံ့ဖြိုး တိုးတက်မှုတို့နှင့် စပ်လျဉ်း၍ မျှဝေသွားရန်၊ ဒစ်ဂျစ်တယ်ခရီးသွားလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ၏ ယှဉ်ပြိုင်မှုစွမ်းရည် ပိုမိုအားကောင်းလာစေရန်၊ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအကြား အသိပညာဗဟုသုတများ မျှဝေနိုင်မည့် ကွန်ရက်တစ်ခု ပုံ့ပိုးဖော်ဆောင်ပေးနိုင်ရန်၊ အလားအလာရှိသော ဒစ်ဂျစ်တယ်ခရီးသွားလုပ်ငန်းဆိုင်ရာ အသိအမြင်အသစ်များ ရယူ၍ ကိုရီးယားနိုင်ငံသား ခရီးသွားဧည့်သည်များ၏ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ပိုမို နားလည်လာနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုလျော့နည်းရေး ဝန်ကြီးဌာန နှစ်ခုပူးပေါင်း၍ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၅

**ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုလျော့နည်းကျဆင်းစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ထိန်းချုပ်ရေးလုပ်ငန်းများအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနနှစ်ခုမှ တာဝန်ရှိသူများတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု မြင့်မားလျက်ရှိရာ ၎င်းကြောင့် လူလတ်ပိုင်းအလုပ်လုပ်နိုင်သည့် အရွယ်တွင် ရောဂါဆိုးများကျရောက်မှုကိုပါ ခံစားရပြီးရေရှည်ကုသရေးအတွက် ကုန်ကျစရိတ်များ၊ ရောဂါကြောင့် လုပ်ငန်းခွင်ကောင်းစွာမဝင်ရောက်နိုင်ခြင်းနှင့် လုပ်အားဝင်ငွေ ထိခိုက်မှုများဖြစ်ပေါ်ရပြီး မှီခိုနေရသည့် မိသားစုများကိုလည်း နစ်နာဆုံးရှုံးစေသည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်မှုများ ဖြစ်ပေါ်နေရသည်။**

### ပြည်သူကို အသိပညာပေးမှု မြှင့်တင်ရန်

ယနေ့တွေ့ဆုံပွဲတွင် ဝန်ကြီးဌာနနှစ်ခုမှ တာဝန်ရှိသူများက ဆေးလိပ်နှင့် ဆေးရွက်ကြီး၏ ဆိုးကျိုးအန္တရာယ်များအား ပြည်သူကို အသိပညာပေးမှု မြှင့်တင်သွားရန်နှင့် ပညာပေးလုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာပလက်ဖောင်းများမှ စဉ်ဆက်မပြတ်ပြုလုပ်ရန်အတွက် ရည်ရွယ်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

“၂၀၁၄ခုနှစ်မှာ ဆောင်ရွက်ခဲ့တဲ့ မကူးစက်နိုင်တဲ့ရောဂါတွေ ဖြစ်ပွားရတဲ့ အကြောင်းတွေကို သုတေသနပြုလုပ်တဲ့အခါ မြန်မာနိုင်ငံမှာလက်ရှိဆေးလိပ်သောက်သုံးမှုနှုန်း ၂၆ ဒသမ ၁ ရာခိုင်နှုန်းမှာအမျိုးသားက ၄၃ ဒသမ ၈ ရာခိုင်နှုန်းနဲ့ အမျိုးသမီး ၈ ဒသမ ၄ ရာခိုင်နှုန်းတို့ဟာ နေ့စဉ်ဆေးလိပ်သောက်သုံးသူတွေ ဖြစ်တာကို သိရှိခဲ့ရပါတယ်။ ကွမ်းယာနဲ့ ဆေးရွက်ကြီး တွဲဖက်စားသုံးမှု ၄၃ ရာခိုင်နှုန်းရှိပြီး အမျိုးသား ၆၂ ရာခိုင်နှုန်းနဲ့ အမျိုးသမီး ၂၄ ရာခိုင်နှုန်းတို့ နေ့စဉ်သုံးစွဲနေကြပါတယ်။ ဒီပမာဏဟာအိမ်နီးချင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် အလွန်မြင့်မားနေတာကိုတွေ့ရပါတယ်”ဟု အစည်းအဝေးတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးဦးက အဖွင့်အမှာစကား ပြောကြားသည်။

**“ နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု လျော့နည်းကျဆင်းစေရေးအတွက် ပိုမိုထိရောက်သည့် အသိပညာပေး နည်းလမ်းများ ရရှိလာစေရန် ”**

တွေ့ဆုံဆွေးနွေးပွဲအတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု အန္တရာယ်နှင့် ဆိုးကျိုးများ၊ တားဆီးကာကွယ်ပေးမှုများ၊ ကုသပေးမှုများနှင့် ပညာပေးမှုများ အကြောင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။ အသိပညာပေးအစီအစဉ်များ၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်ပတ်သက်သည့် ဆိုးကျိုးများနှင့် အသိပညာပေးမှုများကိုထုတ်လွှင့်ပြသခြင်း၊ ရေးသားဖော်ပြခြင်းနှင့် သတိပြု ဆင်ခြင်ဖွယ်ရာတင်ဆက်ခြင်း၊ ရုပ်ရှင်၊ ရုပ်မြင်ဇာတ်လမ်းများအတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ၏ ဆိုးကျိုးများနှင့် ပတ်သက်၍ မီဒီယာများမှ အသိပေးနိုင်သည့် နည်းလမ်းများစသည်တို့ကို ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်ဌာနခွဲတို့မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပခဲ့ပြီး နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု လျော့နည်းကျဆင်းစေရေးအတွက် ပိုမိုထိရောက်သည့် အသိပညာပေးနည်းလမ်းများ ရရှိလာစေရန် ဝန်ကြီးဌာနနှစ်ခုမှ တာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်းဖြစ်ကြောင်းသိရှိရသည်။

**ခင်ရတနာ**

# မူးယစ်ဆေးအန္တရာယ် အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့၊ မြို့မရဲစခန်းမှူး ဒုရဲမှူး စိုးဝင်းသည် ဒီဇင်ဘာ ၄ ရက်က ဒဂုံတောင်မြို့နယ် အ.ထ.က (၁) ကျောင်းတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်လှလှ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အ.ထ.က (၅) တွင် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးအန္တရာယ် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

(၀၀၇)

# အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲ နေပြည်တော်နှင့် မန္တလေးတွင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံစက်ဘီးဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၆၁) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၆ ရက်အထိ နေပြည်တော်နှင့် မန္တလေးမြို့များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် နေပြည်တော် Mount Pleasant တွင် BMX ပြိုင်ပွဲ၊ ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ မန္တလေးမြို့တွင် တစ်ဦးချင်းစံချိန်ပြပြိုင်ပွဲနှင့် Crterium အသင်းလိုက်၊ တာဝေးစက်ဘီးပြိုင်ပွဲ၊ Downhill စက်ဘီးပြိုင်ပွဲ၊ Cross Country စက်ဘီးပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ၂၀၂၁ ခုနှစ်မှာ Asia Mountain Bike Championship ကို မြန်မာနိုင်ငံက ဖိတ်ခေါ်ကျင်းပသွားဖို့ ရှိပါတယ်။ ဒါကြောင့် မန္တလေးတိုင်းဒေသကြီးအစိုးရရဲ့ အားပေးကူညီမှုကြောင့် တချို့မှာ ပထမဆုံးအနေနဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။ အဖွဲ့ချုပ်အနေနဲ့ စက်ဘီးအားကစားသမားတွေ လိုအပ်တဲ့ နိုင်ငံတကာအဆင့်မီနည်းပြတွေ၊ လေ့ကျင့်ရေးကွင်းတွေနဲ့ တခြားလိုအပ်ချက်တွေကို ပိုပြီးထွက်လာနိုင်အောင် ရည်ရွယ်ပြီးကြိုးပမ်းအားထုတ် လုပ်ဆောင်နေတာ ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြတ်သူက ပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်း၊၂၃ နှစ်အောက်၊ ၁၉ နှစ်အောက်၊ ၄၀ နှစ် အထက်၊ အကောင်းဆုံး ကစားသမားဆု၊ အမျိုးသမီး အလွတ်တန်းဆု၊ Road Race စံချိန်ပြ အမျိုးသားအလွတ် တန်းဆု၊ အကောင်းဆုံး ကစားသမားဆု၊ တာဝေးစက်ဘီးစီးပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်းဆု၊ BMX အမျိုးသား အလွတ်တန်း၊ လူသစ်တန်းဆု၊ အကောင်းဆုံးဆု၊ Downhill စက်ဘီးပြိုင်ပွဲ၌ အမျိုးသားအလွတ်တန်းဆု၊ လူသစ်တန်းဆု၊ အကောင်းဆုံး ကစားသမားဆု၊ ကွင်းပတ်စက်ဘီးစီးပြိုင်ပွဲ၌ အမျိုးသား၊ အမျိုးသမီးအလွတ် တန်းဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# လယ်ဝေး၌ အရန်မီးသတ်သင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၅**

လယ်ဝေးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ (မွမ်းမံ) သင်တန်းကို ဒီဇင်ဘာ ၂ ရက်က စမတောင်ပရဟိတဂေဟာ၌ ကျင်းပသည်။ သင်တန်းတွင် နေပြည်တော်မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက သင်တန်းသားများအတွက် တူညီဝတ်စုံများ ပေးအပ်သည်။ သင်တန်းမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

# ဟာဝိုင်ယီရှိ ပုလဲဆိပ်ကမ်း ရေတပ်သင်္ဘောကျင်းသေနတ်ပစ်ခတ်မှု သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ



ရေတပ်သင်္ဘောကျင်းစစ်ဆေးရေးဂိတ်ကို တွေ့ရစဉ်။

**ဝါရှင်တန် ဒီဇင်ဘာ ၅**

ဟာဝိုင်ယီရှိ ပုလဲဆိပ်ကမ်းရေတပ်သင်္ဘောကျင်း၌ အမေရိကန်သင်္ဘောသားတစ်ဦးသည် သူ့ကိုယ်သူ သေကြောင်းမကြံမီ လူနှစ်ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး တတိယတစ်ဦးကို ဒဏ်ရာရရှိစေခဲ့ကြောင်း ရေတပ်အဆင့်မြင့်အရာရှိတစ်ဦးက ဒီဇင်ဘာ ၅ ရက်က ပြောကြားလိုက်သည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အဆိုပါနေရာကို တစ်နာရီကျော်ကြာ ပိတ်ခဲ့ရကြောင်း သိရသည်။ ရေတပ်အရာရှိများကလည်း အဆိုပါတိုက်ခိုက်မှုသည် မည်သည့်အတွက်ကြောင့် ဖြစ်ပွားခဲ့သည်ဆိုသည့်အချက်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

သေနတ်ပစ်ခတ်မှု သုံးခုဖြစ်ပွားခဲ့သည်ကို မိမိအနေဖြင့် အတည်ပြုကြောင်း၊ သေနတ်ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူမှာ အခြေအနေများ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ရေတပ်ဗိုလ်ချုပ် ရောဘတ်ချက်ဝှစ်က်က ပြောသည်။

သေနတ်ဖြင့်ပစ်ခတ်သူမှာ ယူအက်စ်အက်စ်ကိုလံဘီယာတွင် တာဝန်ကျနေသည့် သင်္ဘောသားတစ်ဦးဖြစ်ပြီး ၎င်းကိုယ်တိုင်မှာလည်း သေဆုံးသွားကြောင်း သိရသည်။ မျက်မြင်တွေ့ရှိသူတစ်ဦးက ၎င်းသည် သူ၏ကွန်ပျူတာရှေ့တွင် ထိုင်နေစဉ် သေနတ်ပစ်ခတ်သံများကို ကြားရပြီး ပြတင်းပေါက်ဆီသို့ ပြေးလာသည့် အသံများကိုလည်း ကြားရကြောင်း၊ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာနေရာတွင် လူသုံးဦးလဲကျနေသည်ကိုလည်း တွေ့ရကြောင်း ဒေသတွင်းမီဒီယာကို ပြောကြားခဲ့သည်။

အမည်မဖော်လိုသော မျက်မြင်တွေ့ရှိသူက ၎င်းသည် သေနတ်သမားကို တွေ့လိုက်ကြောင်း၊ သေနတ်သမားသည် သင်္ဘောသားဝတ်စုံကို ဝတ်ဆင်ထားပြီး သူ့ခေါင်းကို သူကိုင်ဆောင်ထားသော သေနတ်ဖြင့် ပစ်လိုက်ကြောင်း ပြောကြားသည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဟိုဂန်ဂစ်လေးက အဆိုပါပစ်ခတ်မှုနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## အမေရိကန်ပြည်ထောင်စု အာဖဂန်-တာလီဘန်တပ်ဖွဲ့များကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန်ပြင်ဆင်

**ဝါရှင်တန် ဒီဇင်ဘာ ၅**

အမေရိကန်ပြည်ထောင်စုနှင့် အာဖဂန်-တာလီဘန်တပ်ဖွဲ့များကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

အာဖဂန်စစ်ပွဲ အဆုံးသတ်ရေး နိုင်ငံရေးအဖြေတစ်ခုရှာရန် ရည်ရွယ်ထားသည့် တစ်နှစ်ကြာဆွေးနွေးပွဲများကို သမ္မတဒေါ်နယ်ထရမ့်က ရုတ်တရက်ရပ်တန့်လိုက်ပြီးနောက် သုံးလအကြာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ရန် ပြင်ဆင်လိုက်ခြင်းဖြစ်သည်။

အမေရိကန်စေ့စပ်ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဇာမယ်ခါလီဇက်သည် အာဖဂန်အဖွဲ့ကိုယ်စားလှယ်များ၊ တခြားအာဖဂန်ခေါင်းဆောင်များနှင့် ဆွေးနွေးရန် ကဘူးလ်မြို့ကို ယမန်နေ့က ရောက်ရှိခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တာလီဘန်ကြားခံကိုယ်စားလှယ်အဖွဲ့ ရုံးစိုက်သည့် ကာတာနိုင်ငံကို ခရီးဆက်မည်ဟု နိုင်ငံခြားရေးဌာန ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

သို့သော်လည်း မည်သည့်ရက်တွင် သွားမည်ဆိုသည်ကို အတိအကျ ဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

အမေရိကန်စေ့စပ်ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဇာမယ်ခါလီဇက်သည် အာဖဂန်စစ်ပွဲအဆုံးသတ်ရေး၊ ငြိမ်းချမ်းသည့် အဖြေတစ်ခုရရေး၊ အပစ်အခတ်ရပ်စဲရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို တာလီဘန်အဖွဲ့နှင့် ပြန်လည်ဆွေးနွေးသွားမည် ဖြစ်သည်။

လာမည့်သီတင်းပတ်တွင် အဆိုပါဆွေးနွေးပွဲများ အကောင်အထည်ဖော်လာနိုင်ကြောင်း တာလီဘန်သတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။

စက်တင်ဘာ ၇ ရက်က တာလီဘန်နှင့် ဆွေးနွေးပွဲကို အမေရိကန်သမ္မတထရမ့် ဖျက်လိုက်သည့်အချိန်အထိ အာဖဂန်ဖွား အမေရိကန်စေ့စပ်ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မစ္စတာ ခါလီဇက်သည် တာလီဘန်နှင့် တွေ့ဆုံဆွေးနွေးပွဲများကို ကိုးကြိမ်တိုင်တိုင် ဦးဆောင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**


အာဖဂန်ဖွား အမေရိကန်စေ့စပ်ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဇာမယ်ခါလီဇက်။

## အမေရိကန်က စစ်ရေးအရအင်အားသုံးလာလျှင် ပြန်လည်တုံ့ပြန်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားပြော

**ပြုံယမ်း ဒီဇင်ဘာ ၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဒီဇင်ဘာ ၃ ရက်တွင် မြောက်ကိုရီးယားနိုင်ငံအပေါ် မှတ်ချက်ချပြောဆိုခဲ့မှုများနှင့် ပတ်သက်၍ စိတ်ပျက်မိကြောင်း မြောက်ကိုရီးယားပြည်သူ့တပ်ဖွဲ့ စစ်ဦးစီးချုပ် ပတ်ဂျုံချွန်းက ဒီဇင်ဘာ ၄ ရက်က ပြောကြားခဲ့သည်။

စစ်ဦးစီးချုပ်က မြောက်ကိုရီးယားသည် နိုင်ငံအပေါ် ကျရောက်လာနိုင်ဖွယ်ရှိသည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန်အတွက်လည်း လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၃ ရက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် လန်ဒန်မြို့၌ ကျင်းပသည့် နေတိုးအဖွဲ့ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ စစ်အင်အားအသုံးပြုမှုဆိုင်ရာကိစ္စများကို ပြောကြားခဲ့ရာ စစ်ဦးစီးချုပ်က ယင်းကိစ္စနှင့် ပတ်သက်၍ ၎င်းအနေဖြင့် တိကျသည့် သဘောထားရပ်တည်ချက်ကို ပြောကြားလိုကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံအပေါ် မည်သည့်စစ်အင်အားအသုံးပြုမှုမျိုးကို လုပ်ဆောင်လာသည်ဖြစ်စေ မြောက်ကိုရီးယားက တူညီသည့် တုံ့ပြန်မှုမျိုး ချက်ချင်းပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့မှုကို မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ယခုနှစ်မကုန်မီ အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနှင့် ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်ကင်းစင်ရေးဆိုင်ရာသဘောတူညီမှုရရှိရေးအတွက် လက်တွေ့ကျသည့် သဘောထားကို ဖော်ပြစေလိုကြောင်း ယခုနှစ် ဧပြီလအတွင်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**


မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း။

## သေနတ်သမားများတိုက်ခိုက်မှုကြောင့် သေဆုံးသည့် ဂျပန်ဆရာဝန်အလောင်းကို ကဘူးလ်ဆေးရုံသို့ပို့ဆောင်

**ကဘူးလ် ဒီဇင်ဘာ ၅**

အာဖဂန်၌ သေနတ်သမားများ၏ တိုက်ခိုက်မှုကြောင့် ဂျပန်နိုင်ငံသား ဆရာဝန်တစ်ဦး သေဆုံးခဲ့ပြီးနောက်တွင် ၎င်းသေဆုံးရသည့် အကြောင်းရင်းကို စစ်ဆေးသိရှိနိုင်ရန် ကဘူးလ်မြို့ရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဆရာဝန် တက်ဆုနာကာမူရာသည် ဒီဇင်ဘာ ၄ ရက်က အာဖဂန်အရှေ့ပိုင်းပြည်နယ်ဖြစ်သည့် နန်ဂါဟာရှိ ဂျာလာလာဘတ်၌ ၎င်း၏ကားပေါ်တွင်ရှိနေစဉ် သေနတ်သမားတစ်စု၏ ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံခဲ့ရပြီး သေဆုံးခဲ့သည်။ ၎င်းနှင့်အတူ ကားပေါ်လိုက်ပါလာသည့် အာဖဂန်နိုင်ငံသား ငါးဦးလည်း အဆိုပါတိုက်ခိုက်မှုတွင် သေဆုံးခဲ့သည်။ သေဆုံးသွားသူများမှာ ကားမောင်းသူနှင့် အစောင့်အရှောက်များ ဖြစ်ကြသည်။

ဒေါက်တာ နာကာမူရာသည် ဂျပန်နိုင်ငံအနောက်ပိုင်း ဖူကူအိုကာမြို့တွင် အခြေစိုက်ထားသည့် ပီရှာဝါကိုင် ခေါ် အစိုးရမဟုတ်သော အဖွဲ့အစည်း၏ ဌာနခွဲမှ ကိုယ်စားလှယ်တစ်ဦးအဖြစ် အာဖဂန်၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အာဖဂန်၌ ပြန်လည်ထူထောင်ရေး စီမံကိန်းများတွင် ကူညီဆောင်ရွက်နေပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ခြင်းဖြင့် နှစ်များစွာ လူသားအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**


သေနတ်သမားတစ်စု၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့် ဆရာဝန် တက်ဆုနာကာမူရာ။

## အရှေ့အာဖရိက၌ ရေဘေးကြောင့် သေဆုံးသူ ၃၀၀ နီးပါးရှိ

**နိုင်ရိုဘီ ဒီဇင်ဘာ ၅**

မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေလွှမ်းမိုးမှုများကြောင့် အရှေ့အာဖရိကဒေသ၌ သေဆုံးသူ ၂၈၀ ထက်မနည်းရှိခဲ့ပြီး ရေဘေးဒဏ် ထိခိုက်ခံစားရသူ ၂ ဒသမ ၈ သန်းကျော်အထိ ရှိခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုအေဂျင်စီက ဒီဇင်ဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။

ရေဘေးကြောင့် အခြေခံအဆောက်အအုံများ၊ နေအိမ်များနှင့် အသက်မွေးလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့ပြီး ကာလဝမ်းရောဂါအပါအဝင် ကူးစက်ရောဂါဖြစ်ပွားမှုများလည်း မြင့်တက်ခဲ့ကြောင်း ပူးပေါင်းဆောင်ရွက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုရေးရာ ကုလသမဂ္ဂရုံး (OCHA)က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကမ္ဘာ့အကြီးဆုံး သစ်သားပန်းပုပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**ပဲခူး ဒီဇင်ဘာ ၅**

ပဲခူးမြို့ (၁၀)မိုင်ကုန်း Shwe Pyi Resort ၌ ယမန်နေ့က ကမ္ဘာ့အကြီးဆုံး သစ်သားပန်းပုပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ပွဲတော်ကျင်းပရေးနာယက၊ KMA Foundation နာယက၊ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက ကမ္ဘာ့အကြီးဆုံး သစ်သားပန်းပုပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြသည်။

အဆိုပါ ကမ္ဘာ့အကြီးဆုံး သစ်သားပန်းပုပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအား အဋ္ဌမအကြိမ်မြောက်ပြုလုပ်ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်း တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် ပြိုလဲ၊ ပျက်စီးခဲ့သည့် သစ်ပင်ကြီးများအား အဖိုးတန်ပန်းပုရုပ်တုအဖြစ် ထုလုပ်ပြီး ကမ္ဘာ့အကြီးဆုံးနှင့် အများဆုံး ပန်းပုရုပ်တုများ တစ်နေရာတည်း စုစည်းထားရှိမှုကို သိရှိစေရန်၊ မြန်မာ့ပန်းပုပညာရပ်နှင့် ပန်းပုပညာရှင်များ ဖော်ထုတ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့ (၁၀)မိုင်ကုန်း Shwe Pyi Resort ၌ ကျင်းပသည့် အဆိုပါဆုချီးမြှင့်ခြင်းအခမ်းအနားတွင် စိတ်ကြိုက်နှင့် မော်ဒန်ဟူ၍ ပြိုင်ပွဲ အမျိုးအစား နှစ်မျိုးပါရှိပြီး မော်ဒန်ပြိုင်ပွဲအမျိုးအစားတွင် ပထမဆုအား တွဲလက်များရုပ်တု ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်သည့် ဦးဝေလင်းနိုင်(ပဲခူး)က လည်းကောင်း၊ ဒုတိယဆုအား ကိုယ်ချင်းစာနာမှု သိရုပ်တုခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်သည့် ဦးမျိုးမြင့်အောင် (မြောက်ဥက္ကလာ/ရွှေပေါက်ကံ) က လည်းကောင်း၊ တတိယဆုအဖြစ် ဆန်းစစ်လေ့လာ လူ့အသိပညာရုပ်တုခေါင်းစဉ်ဖြင့် ဦးဇေယျာဟိန်း(ပဲခူး)မှ လည်းကောင်း ရရှိကြပြီး စိတ်ကြိုက် အမျိုးအစားပြိုင်ပွဲတွင် ပထမဆု အမွေအနှစ်ခေါင်းစဉ်ဖြင့် ဦးပြည့်စုံအောင် (ဒါးပိန်) ကလည်းကောင်း၊ ဒုတိယဆု အား ရွှေလရောင်မှာ ချည်ငင်တန်းပါလို့ခေါင်းစဉ်ဖြင့် ဦးကျော်စွာ (ဒါးပိန်) က လည်းကောင်း၊ တတိယဆုအား နွေးထွေးမှုဓာတ် ပေးဆပ်တူညီ သဘာဝနှင့်လုနေသည် ရုပ်တု ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်သည့် ဦးအောင်ဇေယျာအောင် (ဒါးပိန်)က လည်းကောင်း ဆုများရရှိကြသည်။

ဆုရရှိသူများအား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်၊ ဥပဒေချုပ်ဦးအုန်းမြင့်၊ စာရင်းစစ်ချုပ် ဒေါ်သန်းသန်းဝင်း၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ ပွဲတော်ကျင်းပရေးနာယက၊ KMA Foundation နာယက၊ CB Bank ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

မော်ဒန်ပြိုင်ပွဲ အမျိုးအစားတွင် ပထမဆုရရှိသူအား ဆုငွေကျပ် ၇၅ သိန်းနှင့် ရွှေ ၅ မူးသားဆွဲပြားတစ်ခု၊ ဒုတိယရရှိသူအား ငွေကျပ်သိန်း ၅၀ နှင့် ၅မူးသား ရွှေဆွဲပြားတစ်ခု၊ တတိယရရှိသူအား ငွေကျပ်သိန်း ၃၀ နှင့် ၅ မူးသားရွှေဆွဲပြားတစ်ခု ချီးမြှင့်ပြီး စိတ်ကြိုက်ပြိုင်ပွဲအမျိုးအစားတွင် ပထမရရှိသူအား ငွေကျပ် သိန်း ၁၀၀ နှင့် ၅ မူးသား ရွှေဆွဲပြားတစ်ခု၊ ဒုတိယရရှိသူအား ငွေကျပ် ၇၅ သိန်းနှင့် ၅ မူးသား ရွှေဆွဲပြားတစ်ခု၊ တတိယရရှိသူအား ငွေကျပ်သိန်း ၅၀ နှင့် ၅ မူးသား ရွှေဆွဲပြား တစ်ခုတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

**တင်စိုး(ပဲခူး)**

# စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဝက်လက်မြို့နယ် တောင်သူများနှင့် တွေ့ဆုံ

**ဝက်လက် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံသည် ယမန်နေ့က ဝက်လက်မြို့နယ် မုဆိုးခြုံ ဘူတာကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ရွာသာကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လည်းကောင်း ဒေသခံများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲများတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက နွေသီးနှံများအား ဆည်ရေမပေးဝေနိုင်ခြင်းကြောင့် တောင်သူများက ယခုလက်ရှိအစိုခတ်ကို စနစ်တကျထိန်းသိမ်း၍ အခြားသီးနှံများအား ပြောင်းလဲစိုက်ပျိုးကြရန်၊ ရေရရှိရေးနည်းလမ်းများနှင့် စိုက်ပျိုးနည်းစနစ်များအား ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ပြီး တောင်သူများ၏ တင်ပြမှုအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦးက သီးနှံများစိုက်ပျိုးရာတွင် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေမည့် စိုက်နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်စေရေး နည်းပညာပေးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကျီးကန်ကျေးရွာရှိ တောင်သူ ဦးကျော်ဆန်းဝင်း၏ ပဲ၊ ချဉ်ပေါင်စိုက်ခင်းအတွင်း ကောင်းကင်မျိုးစေ့ကြဲစက် (ဒရုန်း)ဖြင့် ရေလိုက်ကြဲစိုက်နည်းစနစ် စိုက်ပျိုးပြသမှုတို့ကို ဒေသခံ တောင်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့သည်။

**မိုးသောက်(ရွှေဘို)**



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ထားဝယ် ဒီဇင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်သည် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်က တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ တာဝန်ရှိသူများက ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးအဆောက်အအုံ ဆောက်လုပ်ထားရှိမှုနှင့် ကျန်းမာရေးလမ်း ဧရိယာတိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့ (၁၆)က တာဝန်ယူဆောက်လုပ်လျက်ရှိသော (၂၀၀ × ၇၅)ပေ အာစီငါးထပ် အဆောက်အအုံဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်းပြီးစီးရေးကို အဆောက်အအုံ အထူးအဖွဲ့(၁၆)မှ တာဝန်ခံအား မှာကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထားဝယ်မြို့ ကျန်းမာရေး လမ်းဧရိယာတိုးချဲ့ဆောင်ရွက်ရန် လျာထားမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူမှု ပြည်နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**လှိုင်ကော် ဒီဇင်ဘာ ၅**

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ပြည်နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဓိက ရည်ရွယ်ချက်အနေဖြင့် နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု တည်ဆောက်ရာတွင် လည်းကောင်း၊ ဖွံ့ဖြိုးမှုအရွေ့ကို သွားရာတွင်လည်းကောင်း၊ ပြောင်းလဲမှုကို ဆောင်ရွက်နိုင်ရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အားနည်းချက်များကို ပြုပြင်နိုင်ရန်အတွက် အချက်အလက်အမှန်များရရှိပြီး ပုံဖော်ဆောင်ရွက်နိုင်ရန်အတွက် စာရင်းများ ကောက်ယူခြင်းဖြစ်ကြောင်း၊ ပထမအချက်အနေဖြင့် ၂၀၁၄ ခုနှစ်၊ ၂၀၂၄ ခုနှစ် ကြားကာလရှိ မြန်မာနိုင်ငံ၏ လူဦးရေနှင့် စီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံး မှန်ကန်စွာ ခန့်မှန်းနိုင်ရန်၊ ဒုတိယအချက်အနေဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်၏ ပြောင်းလဲမှုများအား နှိုင်းယှဉ်လေ့လာ သုတေသနပြုလုပ်နိုင်ရန်နှင့် တတိယအချက်အနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော အညွှန်းကိန်းများရရှိနိုင်ရန် စသည့်ရည်ရွယ်ချက် သုံးရပ်ဖြင့် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးမှူးက ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်တွင် ကောက်ယူရရှိခဲ့သည့် အချက်အလက်များ၊ ယခုကောက်ယူရရှိမည့် အချက်အလက်များနှင့် ပြုပြင်ပြောင်းလဲနိုင်မှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က စာရင်းစစ်၊ စာရင်းကောက်ယူမည့် သင်တန်းသား သင်တန်းသူ ၆၆ ဦး အတွက် စုစုပေါင်းငွေကျပ် ၄၁၆၀၀၀၀ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက စာရင်းကောက်ယူမည့် သင်တန်းသားများအား ထောက်ပံ့ငွေပေးအပ်စဉ်။

# ကချင်ပြည်နယ်၌ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၆၀ ရာခိုင်နှုန်းကျော် မီးလင်းနိုင်ခဲ့ပြီ

**မြစ်ကြီးနား ဒီဇင်ဘာ ၅**

ကချင်ပြည်နယ်အတွင်း၌ လျှပ်စစ်ဓာတ်အား သုံးစွဲမှု ၆၀ ရာခိုင်နှုန်းကျော် မီးလင်းနိုင်ခဲ့ပြီဖြစ်ကြောင်း ယမန်နေ့က မြစ်ကြီးနားမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ကချင်ပြည်နယ်ရုံး၌ ကျင်းပသည့် တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အခမ်းအနားမှ သိရသည်။

အခမ်းအနားကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ခရိုင်လေးခရိုင်ကို ဟန်ချက်ညီစွာဖြင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ခွဲရုံများတည်ဆောက်ခြင်း၊ ရှိပြီးသော လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ယခုကျင်းပသော တစ်နိုင်ငံလုံး မီးသုံးစွဲသူအိမ်ထောင်စု ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့်ပွဲဟု ဆိုသော်လည်း ကချင်ပြည်နယ်တွင် ၆၁ ဒသမ ၉ ရာခိုင်နှုန်းအထိ မီးလင်းခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ငွေကျပ် ၂၀၀၃၆၅ ဒသမ ၇ သန်းအထိ လျာထားမှုရှိပြီး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိမ်ထောင်စု ၁၈၃၄၉၉ စုကို လျှပ်စစ်မီး ပေးနိုင်တော့မည်ဖြစ်သဖြင့် ပြည်နယ်တစ်ခုလုံး၏ ၆၈ ဒသမ ၁၁ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက ပြည်နယ်အတွင်း ဘဏ္ဍာနှစ်အလိုက် လျှပ်စစ်ဓာတ်အား ပေးနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ ပြသထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်အတွင်းရှိ အိမ်ထောင်စု ၂၆၉၃၆၅ စုရှိသည့်အနက် အိမ်ထောင်စု ၁၆၆၈၃၄ စုအား မီးပေးနိုင်ခဲ့ပြီး မီးမရရှိသေးသည့် အိမ်ထောင်စု ၁၀၂၅၃၁ စုအတွက် မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရာခိုင်နှုန်းအားဖြင့် ၂၀၁၆ ခုနှစ် ဧပြီလအထိ အိမ်ထောင်စု ၂၆၉၃၆၅ စုအနက် လျှပ်စစ်မီးသုံးစွဲသည့် အိမ်ထောင်စု ၉၉၇၄၉ စု ရာခိုင်နှုန်းအားဖြင့် ၃၆ ဒသမ ၉၃ ရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၈၂၀၃ ဒသမ ၇ သန်း သုံးစွဲ၍ ၄၅ ဒသမ ၇၈ ရာခိုင်နှုန်းအထိ လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၄၅၁၃ ဒသမ ၄ သန်းကို သုံးစွဲ၍ ၄၉ ဒသမ ၄၃ ရာခိုင်နှုန်း၊ ၂၀၁၈ မိနီဘတ်ဂျက်တွင် ငွေကျပ် ၂၂၁၉ ဒသမ ၅ သန်းသုံးစွဲ၍ ၅၃ ဒသမ ၀၃ ရာခိုင်နှုန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၅၆၆၂ ဒသမ ၇ သန်းသုံးစွဲ၍ ၆၀ ဒသမ ၆၉ ရာခိုင်နှုန်းအထိ လည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပုဂ္ဂလိက မီးလင်းရေးအဖွဲ့အစည်းများမှ ဖြန့်ဖြူး ပေးထားသော အိမ်ထောင်စု ၃၃၃၅စုကို ထည့်သွင်းတွက်ချက်ပါက အိမ်ထောင်စုအားလုံး၏ ရာခိုင်နှုန်းအား ၆၁ ဒသမ ၉ ရာခိုင်နှုန်း မီးလင်းခဲ့ပြီးဖြစ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Geophysical site Investigation(GSI) လုပ်ငန်းများအား Survey Vessel: R/ V PTSC Researcher (Call Sign : 3WJZ) ရေယာဉ်ဖြင့် Point.1 M9-ZTK-32 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၄၂ ဒသမ ၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၄၅ ဒသမ ၆၃၈ စက္ကန့်၊ Point. 2 M9-ZTK-29 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၇ မိနစ် ၁၈ ဒသမ ၀၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၁၉ ဒသမ ၇၇၁ စက္ကန့်၊ Point.3 M9-KKN-34 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၄၁ ဒသမ ၉၉၂ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၄၈ ဒသမ ၄၂၁ စက္ကန့်၊ Point.4 M9-KKN-40 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၂၀ ဒသမ ၇၄၃ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၅ မိနစ် ၁၀ ဒသမ ၈၆၉ စက္ကန့်၊ Point.5 M9-ZTK-09 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၅၀ ဒသမ ၃၂၅ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁ မိနစ် ၃၉ ဒသမ ၂၄၂ စက္ကန့်၊ Point.6 M9-ZTK-19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁ မိနစ် ၂ ဒသမ ၉၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၄ မိနစ် ၂၈ ဒသမ ၄၃၇ စက္ကန့်၊ Point.7 M9-GTK-32/33 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၅၀ ဒသမ ၆၄၁ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၃၃ ဒသမ ၃၄၀ စက္ကန့်၊ Point.8 M9S-ZTK-03/07 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၆ မိနစ် ၁၇ ဒသမ ၅၅၀ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၇ ဒသမ ၃၈၄ စက္ကန့်။

Point.9 M9-KKN-58/59/60 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၄၈ ဒသမ ၀၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၈ မိနစ် ၁၃ ဒသမ ၇၀၀ စက္ကန့်၊ Point.10 M9-GTK-44A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃ မိနစ် ၃၂ ဒသမ ၈၈၁ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၇ မိနစ် ၄၉ ဒသမ ၁၆၀ စက္ကန့်၊ Point.11 M9-GTK-24 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၆ မိနစ် ၄၆ ဒသမ ၉၅၅ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၇ မိနစ် ၄၅ ဒသမ ၀၅၄ စက္ကန့်၊ Point.12 M9-GTK-42B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၁၄ ဒသမ ၉၃၀ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၄၀ ဒသမ ၀၇၈ စက္ကန့်၊ Point.13 M9-KKN-70A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၄၈ ဒသမ ၉၃၅ စက္ကန့် ၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၁၈ ဒသမ ၄၃၁ စက္ကန့်၊ Point.14 M9-GTK-44C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၄ ဒသမ ၇၉၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၃ မိနစ် ၁၃ ဒသမ ၉၁၆ စက္ကန့်၊ Point.15 M9-GTK-43 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၂၇ ဒသမ ၂၄၃ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၀ မိနစ် ၃၈ ဒသမ ၀၃၆ စက္ကန့်တို့တွင် ၁၄-၁၂-၂၀၁၉ ရက်နေ့မှ ၃၁-၃-၂၀၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ၁၄-၁၂-၂၀၁၉ ရက်နေ့မှ ၃၁-၃-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# ငမြောင်တောင်ပိုး ကျရောက်ဖျက်ဆီးမှုနှင့် ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၅**

စိုက်ပျိုးရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးနှင့် ဇီဝသိပ္ပံဗဟိုဌာနအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ငမြောင်တောင်ပိုး ကျရောက်ဖျက်ဆီးမှုနှင့် ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော် အမရာဟိုတယ်၌ ပြုလုပ်သည်။



ငမြောင်တောင်ပိုး ကျရောက်မှုဖျက်ဆီးမှုနှင့် ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ငမြောင်တောင်ပိုး အပါအဝင် သီးနှံဖျက်ပိုးမွှားများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများတွင် သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် မျိုးများထုတ်လုပ်ရေး၊ ဓာတုပိုးသတ်ဆေးနှင့် သဘာဝပိုးသတ်ဆေးများကို စနစ်တကျ သုံးစွဲနိုင်ရေးလုပ်ငန်းများကို သက်ဆိုင်သူအားလုံးတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် မိုးရာသီတွင် ငမြောင်တောင်ပိုး ကျရောက်ဖျက်ဆီးမှုများ ရှိခဲ့ကြောင်း၊ ရှမ်းပြည်နယ်၌ ငမြောင်တောင်ဖျက်ပိုး ကျရောက်ခဲ့မှုအပေါ် သက်ဆိုင်ရာဒေသ အစိုးရအဖွဲ့အစည်းများ၊ ဒေသခံများနှင့် ပူးပေါင်း၍ ငမြောင်တောင်ဖျက်ပိုး နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးတွင် နှစ်စဉ် ပြောင်းသီးနှံဧက ၁၄ သိန်းခန့် စိုက်ပျိုးလျက်ရှိပြီး ယခုနှစ် ပြောင်းစိုက်ဧကတစ်သိန်းတစ်သောင်းဝန်းကျင်ခန့် ထိခိုက်မှု ရှိခဲ့သော်လည်း အချိန်မီ ကာကွယ်နှိမ်နင်းနိုင်ခဲ့သဖြင့် အထွက်နှုန်းအပေါ် များစွာထိခိုက်မှု မရှိခဲ့ကြောင်း၊ တောင်သူများထံ နည်းပညာနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များ အဓိကပျံ့နှံ့ရောက်ရှိစေရေးမှာ ကျရောက်သည့် ရောဂါဖျက်ပိုး၏ဇာစ်မြစ်အား ကာကွယ်နှိမ်နင်းရေး၊ ထိန်းချုပ်ခြင်းများနှင့်အတူ သုတေသနလုပ်ငန်းများဖြင့် ဖော်ထုတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ငမြောင်တောင်ပိုး ကျရောက်ခြင်းအတွက် ကာကွယ်နှိမ်နင်းရေးနှင့် သုတေသနလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် ဆက်စပ်ဌာနဆိုင်ရာများ၊ NGOs ၊ INGOs များနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြှင့်တင်ရန်၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကို ဆွေးနွေးပြီး လိုအပ်သည်များ ဝိုင်းဝန်းအကြံပြု ဆွေးနွေးနိုင်ရန်တို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်

**ဇူလိုင်မိုး**

# မုံရွာခရိုင်အတွင်း တောင်တန်းများ စိမ်းလန်းစိုပြည်ရေး တောင်တန်းစိုက်ခင်းဧက ၂၀၀ ဖော်ဆောင်မည်

**မုံရွာ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်အတွင်းရှိ တောင်တန်းများပေါ်တွင် တောင်တန်းစိုက်ခင်းဧက ၂၀၀ ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းအကောင်အထည်ဖော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘလွင်ဦး၏ ပြောကြားချက်အရ သိရသည်။

တောင်တန်းစိုက်ခင်းများ တည်ထောင်မှုအဖြစ် မုံရွာမြို့နယ်တွင် ဧက ၁၅၀ ကိုလည်းကောင်း၊ ချောင်းဦးမြို့နယ်တွင် ဧက ၅၀ စုစုပေါင်း ဧက၂၀၀ ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မိုးရာသီတွင် စိုက်ပျိုးသွားမည်ဖြစ်သည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ကြည့်မြင်တိုင်မြို့နယ်အတွင်း မှုခင်းကျဆင်းရေး ဆောင်ရွက်

**ကြည့်မြင်တိုင် ဒီဇင်ဘာ ၅**

ကြည့်မြင်တိုင်မြို့နယ်အတွင်း မှုခင်းများ မဖြစ်ပွားစေရေးအတွက် မှုခင်းအသိပညာပေးဟောပြောပွဲများကို ပြုလုပ်ပေးလျက်ရှိသည်။ ထိုသို့ပြုလုပ်ပေးရာတွင် ဒီဇင်ဘာ ၃ ရက် ည ၁၀ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးထွန်းမောင် ဦးဆောင်၍ မှုခင်းကျဆင်းရေးအတွက် အောက်ကြည့်မြင်တိုင်လမ်းမ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးရှေ့မှ ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များကို စစ်ဆေးရေး ဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုကြီးတင်**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၅-၁၂-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၈၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၆၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၈၅၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၁၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၅၅ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၆၅ ကျပ် | ၉၇၀/၉၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၈၅ ကျပ် | ၉၂၀/၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၀/၉၇၅ ကျပ် | ၁၀၂၅/၁၀၃၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၀၀ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၂ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၇၂ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၇၈ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၆ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၀၀၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၉ . ၈၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၄၆၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၅၀၅ | ၅၈၀၇၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၃၉၁၈ | ၁၅၀၈၆၀၅၀ |
| MCB | ၈၃၀၀ | - | - | - |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁၅၅ | ၃၅၆၅၀၀၀ |
| TMH | ၂၈၅၀ | ၂၉၀၀ | ၄၆ | ၁၃၃၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျောက်ဂွမ်းနှင့် ကျန်းမာရေးထိခိုက်မှု

သိပ္ပံစာရေးဆရာကိုကိုအောင်

### သတ္တုဗေဒ

ကမ္ဘာ့ရှေးအကျဆုံးသော လူသားတို့ ဖြတ်သန်းခဲ့ကြရသည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် တို့မှသည် မျက်မှောက်ကာလ အီလက်ထရွန်နစ်ခေတ်၏ လူနေမှုအဆင့်အထိ တိုးတက်မြင့်မားလာရအောင် အတတ်ပညာတစ်ခုက လူမသိသူမသိဖြင့် နောက်ကွယ်မှနေ၍ ပံ့ပိုးပေးခဲ့သည်။ ထိုအတတ်ပညာသည်ကား သတ္တုဗေဒ ဟု ခေါ်ဆိုသော Metallurgy ပညာရပ်ပင် ဖြစ်သည်။

ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိတို့ ကွဲပြားခြားနားသော သတ္တုမျိုးစုံတို့၏အကြောင်းကို ခရေစေ့တွင်းကျ လေ့လာပေါင်းစပ်သည့် အဆိုပါပညာရပ်သည် ခေတ်မီ လူ့အသုံးအဆောင်ပစ္စည်းများနှင့် စက်ယန္တရားများစွာတို့ကို တီထွင်ထုတ်လုပ် အသုံးချနိုင်စေခဲ့သည်။

အေဒီ ၅၀၀ မှ ၁၄၅၀ ပြည့်နှစ်အတွင်းက ရှေးခေတ် ဥရောပတိုက်သားများနှင့် တရုတ်လူမျိုးများသည် မြေကြီးအတွင်းမှ တူးဖော်ရရှိသော သတ္တုအရောအနှောများကို ပြင်းထန်သည့်အပူပေးကာ သန့်စင်ထုတ်လုပ်ခဲ့ကြခြင်းဖြင့် သတ္တုတူးဖော်သန့်စင်သည့် လုပ်ငန်းများမှာ အလွန်တွင်ကျယ်ခဲ့သည်။

ပြင်သစ်နိုင်ငံ ဒိုမိန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ကမ္ဘာ့မြောက်ပိုင်း ဂရင်းလန်တွင် တွေ့ရှိရသော ရေခဲအပိုင်းအစကလေးများကို သုတေသနပြုရာမှ ယင်းတို့၏သက်တမ်းသည် အနည်းဆုံးအားဖြင့် နှစ်ပေါင်း ၇၀၀၀ ကျော် ရှိနေပြီး အဆိုပါ ရေခဲအပိုင်းအစလေးများထဲ၌ ကြေးဝါသတ္တုအမှုန်ကလေးများ ပါဝင်နေကြောင်း တွေ့ရှိခဲ့ကြရသည်။ သတ္တုမှုန်များသည် ရေခဲအပိုင်းအစများထဲ၌ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကတည်းကပင် ပါဝင်ဖွဲ့စည်းနေခဲ့ကြောင်း လေ့လာတွေ့ရှိရသဖြင့် သတ္တုတူးဖော်သန့်စင်ခြင်းလုပ်ငန်း ထွန်းကားခဲ့သော ကာလမှာ မည်မျှကြာမြင့်ခဲ့ပြီကို ခန့်မှန်းသိရှိနိုင်သည်။

သတ္တုအရောအနှောများကို အဆင့်မြင့်နည်းပညာဖြင့် သန့်စင်ထုတ်လုပ်နိုင်ခြင်းမရှိသေးမီကာလများက အလွန်ခေတ်စားခဲ့သော သတ္တုတူးဖော်သည့် စီးပွားရေးလုပ်ငန်းသည် ကမ္ဘာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို ထိုစဉ်ကတည်းကပင် ကျောထောက်နောက်ခံပြုခဲ့သည်။ တူးဖော်ရရှိသော သတ္တုမျိုးစုံဖြင့် မော်တာ၊ ရေပန့်၊ အင်ဂျင်၊ ယာဉ်၊ ယန္တရား၊ လေယာဉ်၊ သင်္ဘောစသည်တို့ကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြသည်။

### သတ္တုစပ်နည်းပညာ

ယနေ့ခေတ်ကာလတွင်မူ သတ္တုအမျိုးအစားများစွာကို ခွဲခြမ်းစိတ်ဖြာပြီး မတူကွဲပြားသည့် မူလပင်ရင်း ဂုဏ်သတ္တိအချင်းချင်း ပေါင်းစပ်ဖန်တီးပေးလိုက်ခြင်းကြောင့် အရည်အသွေးမြင့်မားသော သတ္တုစပ်ဖြင့် ပြုလုပ်အပ်သည့် စက်မှုလုပ်ငန်းသုံးနှင့် လူသုံးပစ္စည်းများစွာတို့သည် လူမှုပတ်ဝန်းကျင်၌ လက်ညှိုးထိုး၍ မလွဲအောင်ပင် ရှိနေကြပြီဖြစ်သည်။

လက်ပတ်နာရီမှသည် မော်တော်ကား သတ္တုစပ်ခွေများအထိ၊ ဇွန်း၊ ခက်ရင်းမှသည် မြေတူးမြေကော်စက်ကြီးများအထိ၊ ကလေးကစားစရာမှသည် လေယာဉ်ပျံကြီးများအထိ၊ မိုက္ကရိုချစ်ပ် အပြားကလေးမှသည် ပင်လယ်ကူးသင်္ဘောကြီးများအထိ ထုတ်လုပ်မှုအားလုံးတွင် သတ္တုစပ်ပညာရပ်မှာ မပါလျှင် မပြီးနိုင်တော့ပြီဖြစ်သည်။

တူးဖော်ရရှိသော သတ္တုမျိုးစုံတို့အနက် ရာခိုင်နှုန်းအများစုကို ထုတ်လုပ်မှုလုပ်ငန်းများတွင် အသုံးပြုလျက်ရှိနေကြသော်လည်း အချို့သောသတ္တုတို့မှာမူ အသုံးဝင်မှုထက် ဘေးဥပဒ်ဖြစ်စေမှုက ပိုမိုများပြားသည့်အတွက် ကုန်ပစ္စည်းထုတ်လုပ်ရာတွင် ထည့်သွင်း၍သော်လည်းကောင်း၊ ရောစပ်၍သော်လည်းကောင်း သုံးစွဲခြင်းမပြုရန် တားမြစ်ခံထားရသည်။

ကူးသန်းသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးတို့အတွက် ကမ္ဘာတစ်ဝန်းမောင်းနှင်အသုံးပြုနေကြသည့် မော်တော်ကားစက်ပစ္စည်းများ ထုတ်လုပ်ရာ၌လည်း သတ္တုစပ်ပညာရပ်ကို အစွမ်းကုန် အသုံးချထားသည်ကို တွေ့ရှိနိုင်သည်။ အင်ဂျင်အတွင်းရှိ စက်ပစ္စည်းအချင်းချင်း အကြိမ်ရေပမာဏ သန်းနှင့်ချီသော ပွတ်တိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် ပွန်းစားမှုနှင့် အပူလွန်ကဲမှုတို့ကို ခံနိုင်ရည်ရှိအောင် သတ္တုစပ်ပညာဖြင့် ကြိုတင်တွက်ချက်ကာ သတ္တုအမျိုးမျိုးတို့ကို ရောစပ်ပုံလောင်းပေးခဲ့ကြသည်။

### ကျောက်ဂွမ်း ခေါ် မီးခံမှုန့်

ထိုကဲ့သို့ သတ္တုစပ်ပုံလောင်းပညာဖြင့် ကားအစိတ်အပိုင်းများကို ထုတ်လုပ်ရာတွင် တွင်းထွက် သယံဇာတတစ်မျိုးဖြစ်သော Asbestos ခေါ် ကျောက်ဂွမ်းသည် ပုံလောင်းရာ၌ လွယ်ကူချောမွေ့သော ဂုဏ်သတ္တိနှင့် ပြည့်စုံသည်ကို တွေ့ရှိခဲ့ကြသည်။ ကျောက်ဂွမ်းကို အများက မီးခံမှုန့်ဟုလည်း ခေါ်ဝေါ်ကြ



ကျောက်ဂွမ်း (ဓာတ်ပုံ-ဝီကီပီးဒီးယား)

သည်။ ၁၉ ရာစုနှောင်းပိုင်းကာလမှစ၍ ကျောက်ဂွမ်း၏ ထူးခြားသော ဂုဏ်သတ္တိများကို ကောင်းစွာအသုံးချခဲ့ကြသည်။

ပြင်းထန်သောအပူဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ ဆန့်ထွက်နိုင်အားကောင်းမွန်ခြင်း၊ လျှပ်စစ်ဓာတ် ဖြတ်သန်းစီးဆင်းမှု မပြုနိုင်ခြင်းစသည့် အရည်အသွေးများကြောင့် အဆောက်အအုံများတွင် အမိုးနှင့်မျက်နှာကြက်အကြား ကြားခံ အပူကာပစ္စည်းအဖြစ်လည်းကောင်း၊ အမိုးကျောက်ပြားနှင့် မျက်နှာကြက်ကျောက်ပြားများအဖြစ်လည်းကောင်း၊ ရေပူ ရေအေး ပိုက်လိုင်းများ၏ အပူကာပစ္စည်းအဖြစ်လည်းကောင်း၊ လေအေးစက်ပိုက်လိုင်း အပူကာပစ္စည်းအဖြစ်လည်းကောင်း၊ လျှစ်စစ်ကေဘယ်လ်ကြိုး၏ လျှပ်ကာပစ္စည်းအဖြစ်လည်းကောင်း၊ ရုပ်ရှင်ပြစက်များ၏ ကာဗွန်ချောင်းကိုမီးရှို့ရာတွင် အပူကာ/လျှပ်ကာကြိုးအဖြစ်လည်းကောင်း ကျယ်ပြန့်စွာ သုံးစွဲခဲ့ကြသည်။

ကျောက်ဂွမ်း၏စွမ်းရည်ကို မီးငြိမ်းသတ်ရာတွင်လည်း ထိရောက်စွာ အသုံးချခဲ့ကြသည်။ တောမီးကဲ့သို့သော ရက်ရှည်ငြိမ်းသတ်ရသည့် မီးလောင်မှုမျိုးတွင် မီးသတ်သမားများကို ကျောက်ဂွမ်းဝတ်စုံ ဝတ်ဆင်ပေးထားခြင်းဖြင့် ပတ်လည် မီးလောင်ကျွမ်းနေသည့်ကြားမှာပင် မီးသတ်သမားများသည် မီးကို ထိထိရောက်ရောက် ငြိမ်းသတ်နိုင်ခဲ့ကြသည်။

### ကျောက်ဂွမ်း၏ဆိုးကျိုး

သို့ရာတွင် ကျောက်ဂွမ်း ခေါ် မီးခံမှုန့်များသည် အသက်ရှူလမ်းကြောင်းအတွင်းသို့ ရောက်ရှိသွားသည့်အခါ အသက်ရှူလမ်းကြောင်းတစ်လျှောက်ရှိ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများနှင့် အဆုတ်ကို ပြင်းထန်စွာဒုက္ခပေးပြီး အဆုတ်၏လုပ်ဆောင်ချက်များကို ကမောက်ကမ ဖြစ်စေရုံမျှမက အဆုတ်ကင်ဆာအထိပင် ဖြစ်ပွားစေကြောင်း၊ ကျောက်ဂွမ်းမှုန့်များ အဆုတ်အတွင်းသို့ ရောက်ရှိနေသည်ကို နှစ် ၂၀ ခန့်ကြာမှသာ သိရှိနိုင်ကြောင်းနှင့် အဆုတ်အတွင်းရှိ ကျောက်ဂွမ်းမှုန့်ကို လုံးဝဖယ်ရှားပစ်နိုင်ရန် ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်နိုင်ကြောင်း စသည်တို့ကို သုတေသနပြု တွေ့ရှိလာခဲ့ကြသည်။

ကျောက်ဂွမ်းဝတ်စုံဖြင့် မီးငြိမ်းသတ်ခဲ့ကြသော မီးသတ်သမားများသည်လည်း ထိုရောဂါလက္ခဏာများဖြင့်ပင် စောစီးစွာ ကြွေလွင့်ခဲ့ကြရသဖြင့် ကျောက်ဂွမ်းအသုံးပြုမှုကို နိုင်ငံများအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းများအလိုက်သော်လည်းကောင်း တားမြစ်ကန့်သတ်ခဲ့ကြသည်။

ထိုကဲ့သို့ ကောင်းကျိုးထက် ဆိုးကျိုးကို ကြီးမားစွာဖြစ်ပေါ်စေသော Asbestos ဓာတ်သတ္တုများကို မော်တော်ကားအစိတ်အပိုင်းများ ပုံလောင်းရာ၌လည်းကောင်း၊ အင်ဂျင်အတွင်းပိုင်းပစ္စည်းများ ထုတ်လုပ်ရာ၌လည်းကောင်း၊ အခြားအစိတ်အပိုင်းများ ထုတ်လုပ်ရာ၌လည်းကောင်း၊ ထည့်သွင်းသုံးစွဲခြင်း

**"ကျောက်ဂွမ်း ခေါ် မီးခံမှုန့်များသည် အသက်ရှူလမ်းကြောင်းအတွင်းသို့ ရောက်ရှိသွားသည့်အခါ အသက်ရှူလမ်းကြောင်းတစ်လျှောက်ရှိ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများနှင့် အဆုတ်ကို ပြင်းထန်စွာဒုက္ခပေးပြီး အဆုတ်၏ လုပ်ဆောင်ချက်များကို ကမောက်ကမ ဖြစ်စေရုံမျှမက အဆုတ်ကင်ဆာအထိပင် ဖြစ်ပွားစေ၊ ကျောက်ဂွမ်းမှုန့်များ အဆုတ်အတွင်းသို့ ရောက်ရှိနေသည်ကို နှစ် ၂၀ ခန့်ကြာမှသာ သိရှိနိုင်ကြောင်းနှင့် အဆုတ်အတွင်းရှိ ကျောက်ဂွမ်းမှုန့်ကို လုံးဝဖယ်ရှားပစ်နိုင်ရန် ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်နိုင်ကြောင်း စသည်တို့ကို သုတေသနပြု တွေ့ရှိလာ"**

လုံးဝမပြုရန် စက်မှုဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၅၀ ကျော်တွင် တားမြစ်ပိတ်ပင်ထားလျက်ရှိသည်။

အကယ်၍ မော်တော်ကားအင်ဂျင်အပါအဝင် ကားအစိတ်အပိုင်းများ၌ Asbestos များကို ထည့်သွင်းပြုလုပ်ထားမည်ဆိုပါက အဆိုပါ ဓာတ်သတ္တုအမှုန်များသည် အင်ဂျင်တုန်ခါမှုကြောင့်လည်းကောင်း၊ ကားတုန်ခါမှုကြောင့်လည်းကောင်း၊ အင်ဂျင်အတွင်းရှိ အစိတ်အပိုင်းများအချင်းချင်း ပွတ်တိုက်မှုကြောင့် လည်းကောင်း၊ လေထုထဲသို့ ပျံ့နှံ့ရောက်ရှိသွားကာ ကားမောင်းနေသူ၊ ကားပေါ်စီးနင်းလိုက်ပါသူနှင့် အနီးအငွေ့ အမှုန်အမွှားများကို ရှူရှိုက်မိသူအားလုံးတို့မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကြီးမားသောပြဿနာများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ဆေးသိပ္ပံပညာရှင်များက သတိပေးထားကြသည်။

### ကျောက်ဂွမ်းအသုံးပြုမှုများ

Asbestos ခေါ် ကျောက်ဂွမ်း ခေါ် မီးခံမှုန့်များကို ထည့်သွင်းပြုလုပ်ထားလေ့ရှိသော ထုတ်ကုန်ပစ္စည်းများကို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ဖောက်ကားမှု ဈေးကွက်၌လည်းကောင်း၊ လျှပ်စစ်ပစ္စည်းဈေးကွက်၌လည်းကောင်း၊ မော်တော်ကားပစ္စည်း ဈေးကွက်၌လည်းကောင်း အများအပြား တွေ့ရှိနိုင်သည်။

အိမ်ဆောက်ပစ္စည်းဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားနေကြသော ကုန်ပစ္စည်းများအနက် အချို့သော အမိုးကျောက်ပြားများ၊ မျက်နှာကြက်ကျောက်ပြားများနှင့် အပူကာပြားများသည် ကျောက်ဂွမ်းကို ထည့်သွင်းပြုလုပ်ထားသော ပစ္စည်းများဖြစ်ကြသည်။ ထိုကဲ့သို့ ကျောက်ဂွမ်းဖြင့်ပြုလုပ်ထားသည့် အိမ်ဆောက်ပစ္စည်းများအနက် မျက်နှာကြက်ကျောက်ပြားများသည် အိမ်အတွင်း၌နေထိုင်သူ မိသားစုများအတွက် ကျန်းမာရေးအရ ဆိုးကျိုးများကို ဖြစ်ပေါ်လာစေနိုင်သည်။

အကြောင်းအမျိုးမျိုးကြောင့် မျက်နှာကြက်ကျောက်ပြားများမှ အမှုန်အမွှားများ ကျရောက်လာသည့်အခါ ကျောက်ဂွမ်းမှုန့်များ ရောနှောပါရှိလာတတ်ပြီး အိမ်အတွင်းနေထိုင်သူတို့၏ အသက်ရှူလမ်းကြောင်းအတွင်းသို့ ရောက်ရှိသွားကာ အသက်ရှူလမ်းကြောင်းတစ်လျှောက်ရှိ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများနှင့် အဆုတ်ကို ဒုက္ခပေးလာနိုင်သည်ကို သတိပြုသင့်ကြသည်။ ထို့အတူပင် အမိုးကျောက်ပြားများမှ လွင့်စဉ်လာသော အမှုန်အမွှားများထဲတွင် ကျောက်ဂွမ်းမှုန့်များ ရောနှောပါရှိလာမည် ဆိုပါကလည်း အဆောက်အအုံပြင်ပရှိလူများနှင့် ပတ်ဝန်းကျင်ရှိလူများ၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုယ်တွင်းအင်္ဂါများကို ဆိုးကျိုးဖြစ်လာစေနိုင်သည်။

အလားတူ လျှပ်စစ်ပစ္စည်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားနေကြသော လျှစ်စစ်ကေဘယ်လ်ကြိုးများအနက် အချို့သောကြိုးများကို ကျောက်ဂွမ်းမှုန့်များ ထည့်သွင်း၍ ထုတ်လုပ်ထားကြသည်ဖြစ်ရာ အဆိုပါ ကေဘယ်လ်ကြိုးများကို ဖြတ်တောက်ခွဲစိတ်သည့်အခါမျိုးနှင့် သက်တမ်းကုန်ဆုံး၍ ဆွေးမြည့်ပျက်စီးလာသည့်အခါတွင် ပတ်ဝန်းကျင်ရှိလူတို့၏ အသက်ရှူလမ်းကြောင်းအတွင်းသို့ ကျောက်ဂွမ်းမှုန့်များ ရောက်ရှိသွားကာ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကို ဖြစ်ပေါ်လာစေနိုင်သည်။

မော်တော်ကားပစ္စည်းများထဲ၌လည်း ကျောက်ဂွမ်းမှုန့်များကို ထည့်သွင်းပြုလုပ်ထားသောပစ္စည်းများ ရောနှောပါဝင်နေလျက်ရှိသည်။ မော်တော်ကားပစ္စည်းများအနက် အချို့သော ဘရိတ်လိုင်နာများ၊ ကလပ်ရှ်လိုင်နာများ၊ အိတ်ဇောပိုက်အချင်းချင်း ထိစပ်တင်းကျပ်ရာတွင် သုံးစွဲသော ကြားခံအပြားများ၊ အိတ်ဇောမန်နီဖိုးနှင့် အင်ဂျင်ကို ထိစပ်တင်းကျပ်သည့် ကြားခံအပြားများ၊ အင်ဂျင်ဘလောက်နှင့် အင်ဂျင်ဟက်တို့ကို ထိစပ်တင်းကျပ်ရာတွင် အသုံးပြုသော ဂက်စကက်ပြားများ စသည်တို့တွင် ကျောက်ဂွမ်းမှုန့်များ ပါဝင်နေလေ့ရှိသည်။ အထူးသဖြင့် ဈေးနှုန်းသက်သာသော ပစ္စည်းများမှာ ကျောက်ဂွမ်းမှုန့်များကို ထည့်သွင်းပြုလုပ်ထားသောပစ္စည်းများ ဖြစ်နေတတ်သည်ကို သတိပြုသင့်ကြသည်။

အကယ်၍ အဆိုပါပစ္စည်းများကို မော်တော်ကား၌ အသုံးပြုမိမည်ဆိုပါက ဘရိတ်နင်းသည့်အခါတိုင်း၊ ကလပ်ရှ်နင်းသည့်အခါတိုင်း၊ အင်ဂျင်တုန်ခါသည့်အခါတိုင်း၊ မော်တော်ကားတုန်ခါသည့်အခါတိုင်း ကျောက်ဂွမ်းမှုန့်များ ပတ်ဝန်းကျင်သို့ ပျံ့နှံ့ရောက်ရှိကာ အနီးပတ်ဝန်းကျင်၌ ရှိနေသူများအား ဆိုးရွားသော ကျန်းမာရေးပြဿနာများနှင့် ကြုံတွေ့လာရစေနိုင်သည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျောက်ဂွမ်းမှုန့်များကို စက်ပစ္စည်းများ၌လည်းကောင်း၊ အိမ်ဆောက်ပစ္စည်းများ၌လည်းကောင်း၊ မော်တော်ကားအစိတ်အပိုင်းများ၌လည်းကောင်း ထည့်သွင်းပြုလုပ်ထားကြောင်း စစ်ဆေးတွေ့ရှိရပါက အဆိုပါစက်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်းများနှင့် မော်တော်ကားများကို မူလထုတ်လုပ်သည့်နိုင်ငံများသို့ ပြန်လည်ပေးပို့ခြင်းမျိုး ပြုလုပ်နေကြသလို အကယ်၍ ပြည်တွင်းထုတ်ကုန်များ၌ ကျောက်ဂွမ်းပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရပါကလည်း ထုတ်လုပ်မှုကိုရပ်ဆိုင်းစေခြင်း၊ သတ်မှတ် စည်းမျဉ်းစည်းကမ်းအရ အရေးယူဆောင်ရွက်ခြင်းမျိုးကိုပါ ပြုလုပ်လျက်ရှိနေကြသည်။

အချုပ်ဆိုရသော် စက်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများနှင့် မော်တော်ကားအစိတ်အပိုင်းများ စသည်တို့ကို ထုတ်လုပ်ရာတွင် Asbestos ခေါ် ကျောက်ဂွမ်း ခေါ် မီးခံမှုန့်များ ပါဝင်မှု လုံးဝမရှိစေရေးသည် လူမှုပတ်ဝန်းကျင်တစ်ခုလုံးနှင့် လူသားမျိုးနွယ်တစ်ရပ်လုံးအတွက်ပါ အလွန်အရေးကြီးသော ကိစ္စတစ်ခုပင် ဖြစ်ပေတော့သည်။ ။

# မန်စီးတီးဘက်အလေးသာနေတဲ့မန်ချက်စတာဒါဘီ

**ဝေမိုးဆက်**

**ဒီတစ်ပတ်မှာတော့ မန်စီးတီးနဲ့ မန်ယူတို့ဆုံတွေ့နေတဲ့ မန်ချက်စတာဒါဘီပွဲပါဝင်နေပါတယ်။ မန်စီးတီးက နောက်ဆုံးပွဲမှာ ကာဆယ်ကိုအနိုင်မရခဲ့လို့ လီဗာပူးနဲ့ ၁၁ မှတ်ကွာဟသွားသလို မန်ယူကလည်း နောက်ဆုံးနှစ်ပွဲဆက်အနိုင်မရခဲ့တာကြောင့် နှစ်သင်းစလုံးနိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာသေချာနေတာကြောင့် အကြိတ်အနယ်ရှိနိုင်ပါတယ်။**

## Goodison Park

### အဲဗာတန် - ချယ်လ်ဆီး

**ယမန်နှစ်ရလဒ် - အဲဗာတန် ၂-၀ ချယ်လ်ဆီး**

ချယ်လ်ဆီးအနေနဲ့ နောက်ဆုံးပွဲမှာ ဝက်စ်ဟမ်းကို အရေးနိမ့်ခဲ့ရတာကြောင့် ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးဟာ ကြားပွဲကစားခဲ့ရမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ ရှိနေပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးတို့ ခြေကုန်ထုတ်ဖို့ခက်ပါတယ်။ အဲဗာတန်ကလည်း ခံကစားမှာဖြစ်လို့ ချယ်လ်ဆီးဂိုးပြတ်နိုင်ဖို့ခက်မယ်။

## Tottenham Hotspur

### စပါး - ဘန်လေ

**ယမန်နှစ်ရလဒ် - စပါး ၁-၀ ဘန်လေ**

စပါးက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ရှိနေပေမယ့် ချန်ပီယံလိဂ်မှာက နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့ပြီဖြစ်တာကြောင့် ဒီပွဲကိုသာ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ စပါးအနေနဲ့ အခုနောက်ပိုင်း ခံစစ်ပိုင်းအားနည်းမှုတွေရှိနေပေမယ့် တိုက်စစ်ကတော့ ဂိုးသွင်းခြေထက်မြက်နေကာ ခြေစွမ်းသာမန်သာရှိတဲ့ ဘန်လေကိုအနိုင်ရယူနိုင် ဖို့အခက်အခဲ မရှိနိုင်ပါဘူး။

## Carrow Road

### နော့ဝှစ်ချ် - ရှက်ဖီးလ်ယူ

**ယမန်နှစ်ရလဒ် - နော့ဝှစ်ချ် ၂-၂ ရှက်ဖီးလ်ယူ**

ရှက်ဖီးလ်ခြေစွမ်း အတော်လေးကောင်းနေပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း အမှတ်ရအောင် ကစားနိုင်စွမ်းရှိပါတယ်။ နော့ဝှစ်ချ်ကတော့ နောက်ဆုံးပွဲမှာ အာဆင်နယ်ကို သရေကစားနိုင်ခဲ့ပေမယ့် ခံစစ်အားနည်းမှုတွေများလို့ ရှက်ဖီးလ်ရဲ့တန်ပြန်တိုက်စစ်ကို ထိန်းနိုင်ဖို့ခက်ပါတယ်။ ရှက်ဖီးလ်နိုင်ပွဲရယူသွားနိုင်ဖို့ရှိပါတယ်။

## The American

### ဘရိုက်တန် - ဝုဖ်

**ယမန်နှစ်ရလဒ် - ဘရိုက်တန် ၁-၀ ဝုဖ်**

ဘရိုက်တန်က လီဗာပူးကိုအရေးနိမ့်ခဲ့ရပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပြီး အကောင်းဆုံးခံကစားနိုင်ခဲ့ပါတယ်။ ဒီပွဲကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ ဝုဖ်ကလည်း ပွဲဆက်တွေများနေလို့ ပွဲပန်းလာနိုင်တာကြောင့် အိမ်ရှင်ကိုနှစ်သက်တယ်။

## London Stadium

### ဝက်စ်ဟမ်း - အာဆင်နယ်

**ယမန်နှစ်ရလဒ် - ဝက်စ်ဟမ်း ၁-၀ အာဆင်နယ်**

အာဆင်နယ်က ခြေစွမ်းအတော်လေး အားနည်းနေပါတယ်။ အထူးသဖြင့် ခံစစ်က ဂိုးတွေဆက်တိုက်နီးပါးပေးနေရပါတယ်။ ဒီပွဲမှာလည်း နိုင်ပွဲပြန်ရအောင် အားစိုက်လာမှာ ဖြစ်ပေမယ့် ဝက်စ်ဟမ်းကလည်း အိမ်ကွင်းမှာ အကောင်းဆုံးခံကစားမှာ ဖြစ်ပါတယ်။ ချယ်လ်ဆီးကို အနိုင်ရခဲ့တဲ့ပွဲမှာ ဝက်စ်ဟမ်းခြေစွမ်းလည်း ကောင်းမွန်ခဲ့လို့ အိမ်ရှင်ကိုပဲ ကြိုက်တယ်။

## St. James' Park

### ကာဆယ် - ဆောက်သမ်တန်

**ယမန်နှစ်ရလဒ် - ကာဆယ် ၃-၁ ဆောက်သမ်တန်**

ကာဆယ်က မန်စီးတီးကို သရေကစားနိုင်ခဲ့တဲ့ပွဲမှာ ခြေစွမ်းပိုင်းအတော်လေးကောင်းမွန်ခဲ့ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေလို့ ခြေကုန်ထုတ်ကစားလာမှာ သေချာနေပါတယ်။ ဆောက်သမ်တန်က နောက်ဆုံးနှစ်ပွဲမှာ ဝက်ဖို့ဒ်ကိုအနိုင်၊ အာဆင်နယ်ကိုသရေကစားနိုင်ခဲ့ပေမယ့် ခံစစ်ပိုင်းအားနည်းနေတယ်။ ကာဆယ်ကို နှစ်သက်မိပါတယ်။

## Etihad Stadium

### မန်စီးတီး - မန်ယူ

**ယမန်နှစ်ရလဒ် - မန်စီးတီး ၃-၁ မန်ယူ**

မန်စီးတီးက ချန်ပီယံလိဂ်ကစားရဖို့ရှိနေပေမယ့် နောက်တစ်ဆင့်တက်ဖို့သေချာနေလို့ ဒီပွဲကို အားစိုက်ကစားမှာပါ။ မန်စီးတီးက အိမ်ကွင်းမှာ တိုက်စစ်ပိုင်းပိုထက်မြက်တတ်သလို မန်ယူကလည်း အခုနောက်ပိုင်း ခံစစ်ကစားပုံ အားနည်းနေပါတယ်။ မန်စီးတီးပဲ အိမ်ကွင်းမှာ နိုင်ပွဲယူမယ်။

## Villa Park

### ဗီလာ - လက်စတာ

**ယမန်နှစ်ရလဒ် - မရှိ**

ဗီလာက ဂိုးသွင်းခြေမဆိုးပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းနေတာကြောင့် ရလဒ်တွေ မတည်ငြိမ်ပါဘူး။ လက်စတာက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေပြီး တိုက်စစ်လည်း ဂိုးသွင်းခြေရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း လက်စတာတို့အဝေးကွင်းမှာ နိုင်ပွဲရယူသွားနိုင်မှာပါ။

## Vitality Stadium

### ဘုန်းမောက် - လီဗာပူး

**ယမန်နှစ်ရလဒ် - ဘုန်းမောက် ၀-၄ လီဗာပူး**

ဘုန်းမောက်က ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေသလို ကြားပွဲကစားခဲ့ရလို့ ပွဲပန်းနိုင်ပေမယ့် အိမ်ကွင်းအားရှိနေပါတယ်။ လီဗာပူးကတော့ ကြားရက်မှာ အဲဗာတန်နဲ့ ဒါဘီပွဲရင်ဆိုင်ခဲ့ရမှာဖြစ်သလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ပွဲကစားရဖို့ရှိနေတာကြောင့် ပွဲပန်းမယ့်အပြင် ခြေကုန်ထုတ်ဖို့ခက်ပါတယ်။ အခုနောက်ပိုင်း လီဗာပူးခံစစ်ကလည်း ဂိုးတွေပေးနေရလို့ လီဗာပူးကပ်နိုင်ခြေသာရှိပါတယ်။

## Vicarage Road

### ဝက်ဖို့ဒ် - ပဲလေ့စ်

**ယမန်နှစ်ရလဒ် - ဝက်ဖို့ဒ် ၂-၁ ပဲလေ့စ်**

ဝက်ဖို့ဒ်က အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်း အားနည်းမှုတွေရှိလာပြီး အမှတ်ပေးဇယားရဲ့ အောက်ဆုံးကို ရောက်ရှိနေပါတယ်။ နောက်ဆုံးပွဲစဉ်မှာလည်း ဆောက်သမ်တန်ကို အရေးနိမ့်ခဲ့ရတယ်။ ပဲလေ့စ်ကလည်း နောက်ဆုံးပွဲမှာ ဘန်လေကို အနိုင်ရခဲ့လို့ စိတ်ဓာတ်ပိုင်းကောင်းမွန်လာနိုင်တယ်။ ပဲလေ့စ် အနိမ့်ဆုံးသရေရမယ်။

# အာဆင်နယ်မန်နေဂျာရာထူးအတွက် ဗီယာရာ ရေပန်းအစားဆုံးဖြစ်နေ



ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် မန်နေဂျာရာထူးမှ ထုတ်ပယ်ခဲ့သည့် အမ်မရီ၏နေရာတွင် အာဆင်နယ်ကစားသမားဟောင်း ဗီယာရာအား မန်နေဂျာသစ်အဖြစ် အစားထိုးခန့်အပ်ထားရန် ဦးစားပေးသတ်မှတ်ထားကြောင်း ပြင်သစ်မီဒီယာများတွင် ရေးသားဖော်ပြထားသည်။

အာဆင်နယ်အသင်းသည် ၁၉၉၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ခုနစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းတာဝန်ရှိသူများသည် စပိန်လူမျိုးမန်နေဂျာ အမ်မရီအား နိုဝင်ဘာလကုန်တွင် ရာထူးမှ ဖယ်ရှားခဲ့သည်။ အာဆင်နယ်အသင်းသည် လက်ရှိအချိန်တွင် အာဆင်နယ်ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဖရက်ဒီယွန်းဘတ်အား ယာယီမန်နေဂျာအဖြစ် ခန့်အပ်ထားသည်။

လက်ရှိအချိန်တွင် ပြင်သစ်ကလပ် နိုက်အသင်းနည်းပြအဖြစ် တာဝန်ယူနေသူ ဗီယာရာသည် အာဆင်နယ်အသင်းက မန်နေဂျာသစ်အဖြစ် ဦးစားပေးခေါ်ယူရန် ပစ်မှတ်ထားခံနေရခြင်း ဖြစ်သည်။ အသက် ၄၃ နှစ် အရွယ်ရှိ ဗီယာရာသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ကလပ် နယူးယောက်စီးတီးအသင်းနည်းပြအဖြစ် တာဝန်ယူခြင်းဖြင့် နည်းပြလောကသို့ စတင်ဝင်ရောက်လာခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်မှစတင်က နိုက်အသင်းနည်းပြအဖြစ် တာဝန်ယူနေသူဖြစ်သည်။

ကွင်းလယ်ကစားသမားဟောင်း ဗီယာရာသည် အာဆင်နယ်အသင်း၏ မန်နေဂျာအဖြစ် တာဝန်ယူရန် သင့်တော်သည့် နည်းပြတစ်ဦးဖြစ်ကြောင်း အာဆင်နယ်ကစားသမားဟောင်းများ ဖြစ်သည့် ပီတစ်၊ ရေးပါလာ၊ ဒေးဗစ် ဆီးမန်းတို့ကလည်း ထောက်ခံပြောဆိုထားသည်။

အာဆင်နယ်အသင်းမန်နေဂျာသစ်ဖြစ်လာနိုင်သူများအဖြစ် စပါးအသင်းမန်နေဂျာဟောင်း ပိုချက်တီနို၊ မန်စီးတီးအသင်းတွင် လက်ထောက်မန်နေဂျာအဖြစ် တာဝန်ယူနေသူ မိုက်ကယ်အာတီတာ၊ ဝုဖ်ဗာဟမ်တန်အသင်းမန်နေဂျာ နူနိုအက်စ်ပီရီတိုဆန်တိုနှင့် အသင်းလက်မဲ့ဖြစ်နေသူ မက်ဆီမီလီယာနိုအယ်လီဂရီတို့လည်း ရေပန်းစားလျက်ရှိသည်။

ကွင်းလယ်ကစားသမားဟောင်း ဗီယာရာသည် ၁၉၉၆ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ အာဆင်နယ်အသင်းတွင် ပါဝင်ကစားခဲ့ကာ အာဆင်နယ်အသင်းနှင့်အတူ ပရီမီယာလိဂ်၊ အက်ဖ်အေဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကို သုံးကြိမ်စီ ရရှိခဲ့သူဖြစ်သည်။

**ထက်အောင်**

### ဂိုးအများဆုံး သွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဗာဒီ | လက်စတာ | ၁၄ |
| အာဘာရာဟမ် | ချယ်လ်ဆီး | ၁၁ |
| အူဘာမီယန် | အာဆင်နယ် | ၁၀ |
| မာနေး | လီဗာပူး | ၉ |

### ပရီမီယာလိဂ်ပွဲစဉ် (၁၆)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၇-၁၂-၁၉** |
| ည ၇း၀၀ | အဲဗာတန် | - | ချယ်လ်ဆီး |
| ည ၉း၃၀ | ဘုန်းမောက် | - | လီဗာပူး |
| ည ၉း၃၀ | စပါး | - | ဘန်လေ |
| ည ၉း၃၀ | ဝက်ဖို့ဒ် | - | ပဲလေ့စ် |
| နံနက် ၀၀း၀၀ | မန်စီးတီး | - | မန်ယူ |
| **တနင်္ဂနွေနေ့** | | | **၈-၁၂-၁၉** |
| ည ၈း၃၀ | ဗီလာ | - | လက်စတာ |
| ည ၈း၃၀ | ကာဆယ် | - | ဆောက်သမ်တန် |
| ည ၈း၃၀ | နော့ဝှစ်ချ် | - | ရှက်ဖီးလ်ယူ |
| ည ၁၁း၀၀ | ဘရိုက်တန် | - | ဝုဖ် |
| **တနင်္လာနေ့** | | | **၉-၁၂-၁၉** |
| နံနက် ၂း၃၀ | ဝက်စ်ဟမ်း | - | အာဆင်နယ် |

### လာလီဂါပွဲစဉ် (၁၆)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၆-၁၂-၁၉** |
| နံနက် ၂း၃၀ | ဗီလာရီးရဲ | - | အက်သလက်တီကို |
| **စနေနေ့** | | | **၇-၁၂-၁၉** |
| ည ၆း၃၀ | ရီးရဲ | - | အက်စ်ပန်ညော |
| ည ၉း၃၀ | ဂရန်နာဒါ | - | အလာဗက်စ် |
| နံနက် ၀၀း၀၀ | လီဗန်တေး | - | ဗလင်စီယာ |
| နံနက် ၂း၃၀ | ဘာစီလိုနာ | - | မာယော့ကာ |
| **တနင်္ဂနွေနေ့** | | | **၈-၁၂-၁၉** |
| ည ၅း၃၀ | အီဘာ | - | ဂီတာဖေး |
| ည ၇း၃၀ | ဘက်တစ် | - | ဘီဘာအို |
| ည ၉း၃၀ | ဗယ်လာဒိုးလစ် | - | ဆိုစီဒက်စ် |
| နံနက် ၀၀း၀၀ | လီဂါနက်စ် | - | ဆယ်တာဗီဂို |
| နံနက် ၂း၃၀ | အိုဆာဆူနာ | - | ဆီဗီလာ |

### စီးရီးအေပွဲစဉ် (၁၅)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၆-၁၂-၁၉** |
| နံနက် ၂း၄၅ | အင်တာ | - | ရိုးမား |
| **စနေနေ့** | | | **၇-၁၂-၁၉** |
| ည ၈း၃၀ | အတ္တလန္တာ | - | ဗီရိုနာ |
| ည ၁၁း၃၀ | အူဒီးနိစ် | - | နာပိုလီ |
| နံနက် ၂း၄၅ | လာဇီယို | - | ဂျူဗင်တပ်စ် |
| **တနင်္ဂနွေနေ့** | | | **၈-၁၂-၁၉** |
| ည ၆း၀၀ | လေချီ | - | ဂျီနိုအာ |
| ည ၈း၃၀ | ဆက်ဆူအိုလို | - | ကက်ဂလီယာရီ |
| ည ၈း၃၀ | SPAL | - | ဘရက်ရှား |
| ည ၈း၃၀ | တိုရီနို | - | ဖီအိုရင်တီနာ |
| ည ၁၁း၃၀ | ဆမ့်ဒိုးရီးယား | - | ပါးမား |
| နံနက် ၂း၄၅ | ဘိုလော့ဂ်နာ | - | မီလန် |

### ပြင်သစ်ပထမတန်းပွဲစဉ် (၁၇)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၆-၁၂-၁၉** |
| နံနက် ၀၀း၃၀ | လိုင်လီ | - | ဘီရက်စ် |
| နံနက် ၂း၄၅ | နီမက်စ် | - | လိုင်ယွန် |
| **စနေနေ့** | | | **၇-၁၂-၁၉** |
| ည ၁၁း၀၀ | မောင့်ပယ်လီယာ | - | ပီအက်စ်ဂျီ |
| နံနက် ၁း၃၀ | နိုက်စ် | - | မက်ဇ် |
| နံနက် ၁း၃၀ | ရိန်းနက်စ် | - | အန်ဂျာစ် |
| နံနက် ၁း၃၀ | စထရက်ဘော့ချ် | - | တူးလောက်စ် |
| နံနက် ၁း၃၀ | မိုနာကို | - | အာမီယံ |
| **တနင်္ဂနွေနေ့** | | | **၈-၁၂-၁၉** |
| ည ၈း၃၀ | ရိမ်းစ် | - | စိန့်အေတီယံ |
| ည ၁၀း၃၀ | နန့်စ် | - | ဒီဂျွန် |
| နံနက် ၂း၃၀ | မာဆေး | - | ဘော်ဒိုး |







# ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို စာအုပ်ပြပွဲနှင့် အရောင်းပွဲတော် ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

**ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို စာအုပ်ပြပွဲနှင့် အရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။**

စာအုပ်ပြပွဲနှင့် အရောင်းပွဲတော်တွင် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အလုပ်အမှုဆောင် ကိုအောင်ကျော်မိုးက လူငယ်များ စာအုပ်စာပေများကို လေ့လာနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ ရှေးဟောင်းစာအုပ်များနှင့် အခြားသော ဘာသာရပ်ဆိုင်ရာစာအုပ်များကို တစ်နေရာတည်းတွင် ဝယ်ယူဖတ်ရှုနိုင်စေရန်နှင့် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်ထုတ်ဝေသူများက ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ အကျိုးရှိစေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

စာအုပ်ပြပွဲနှင့် အရောင်းပွဲတော်တွင် ဆိုင်ခန်းပေါင်း ၁၂၁ ခန်း ဖွင့်လှစ်ပြသရောင်းချလျက်ရှိရာ စာပေချစ်မြတ်နိုးသူ ပရိသတ်များအတွက် ဘာသာရပ်မျိုးစုံစာအုပ်များ၊



ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို စာအုပ်ပြပွဲနှင့် အရောင်းပွဲတော်တွင် ရောင်းချသည့်ဆိုင်ခန်းများ၌ ကြည့်ရှုလေ့လာ ဝယ်ယူနေသူများကို တွေ့ရစဉ်။ ဓာတ်ပုံ - ဇော်မင်းလတ်



ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို စာအုပ်ပြပွဲနှင့် အရောင်းပွဲတော်တွင် စာအုပ်ရောင်းချသည့် ဆိုင်ခန်းများနှင့် ကြည့်ရှုလေ့လာဝယ်ယူကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ - ထင်ပေါ်ဝင်း

သုတ၊ ရသ အဟောင်း/အသစ်၊ လုံးချင်းဝတ္ထုတို၊ ဝတ္ထုရှည်စာအုပ်များ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတ၊ ရသစာအုပ်များ၊ ရှားပါးရှေးဟောင်းစာအုပ်များ၊ မြန်မာတိုင်းရင်းသား ကျောက်စာများ စာအုပ်၊ ပါရဂူဘွဲ့ကျမ်းများ၊ ဆေးပညာရပ်ဆိုင်ရာစာအုပ်များ၊ အင်္ဂလိပ်/မြန်မာအဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ၊ ကာတွန်းကလေးစာပေစာအုပ်များ၊ သိပ္ပံစာအုပ်များ၊ ပဟေဠိစာအုပ်များ၊ ကဗျာစာအုပ်များကို အဓိပတိလမ်းမပေါ် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှေ့ သစ်ပုပ်ပင် ဝဲ/ယာ နှစ်ဖက်တွင် ခင်းကျင်းရောင်းချလျက်ရှိသည်။

စာအုပ်ပြပွဲနှင့် အရောင်းပွဲတော်တွင် စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရာခိုင်နှုန်းလျှော့ရောင်းချပေးသောကြောင့် စာပေချစ်မြတ်နိုးသူများ ဝယ်ယူအားပေးလျက်ရှိပြီး ယနေ့မှ ဒီဇင်ဘာ ၈ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း - ကိုကိုဇော်**

# ကလေးစာပေပွဲတော်(မြောင်းမြ)တွင် ထူးချွန်ထင်ရှား မြောင်းမြသားများပြခန်းကို လာရောက်လေ့လာသူများ အထူးစိတ်ဝင်စား

မြောင်းမြ ဒီဇင်ဘာ ၅

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာရေးဦးစီးဌာန၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော ကလေးစာပေပွဲတော်(မြောင်းမြ) စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို အထက(၁)ကျောင်း၌ ဒီဇင်ဘာ (၄၊ ၅)ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပွဲတော်သို့ လာရောက်လေ့လာသူများက ထူးချွန်ထင်ရှား မြောင်းမြသားများ ပြခန်းကို အထူးစိတ်ဝင်စားလျက်ရှိသည်။** (ယာပုံ)



အဆိုပါပြခန်း၌ မြောင်းမြမြို့နယ်အတွင်း ထူးချွန်ထင်ရှားသော နိုင်ငံရေးအပါအဝင် စာပေ၊ ဂီတ နယ်ပယ်များတွင်ပါ ထူးချွန်ခဲ့ကြသူ စုစုပေါင်း ၄၆ ဦး၏ ထင်ရှားကျော်ကြားခဲ့သည့် အတ္ထုပ္ပတ္တိအကျဉ်းတို့ကို ပြသထားရာ လာရောက်လေ့လာသူများက အထူးစိတ်ဝင်စားလျက်ရှိပြီး မြောင်းမြမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ပြည်သူများ လာရောက်လေ့လာလျက်ရှိသည်။

ပွဲတော်ဒုတိယနေ့၌ ရုပ်သေးအကနှင့် မျက်လှည့်ဖျော်ဖြေတင်ဆက်မှုတို့တွင် ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားမှုများပြားပြီး စာအုပ်ဈေးရောင်းဆိုင်များ တွင်လည်း ရွေးချယ်ဝယ်ယူသူများဖြင့် စည်ကားနေသည်။ ပုံပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ခါးလှည့်၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အရုပ်ဆက်၊ စကားပုံဆက်ပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်သူများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**
**ခရိုင်(ပြန်/ဆက်)**

## ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၅**

ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်နှင့် ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**မိုး/ဇလ**

# သံဃာတော်(၃၀၀၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ရေ-မီး ထာဝရပဒေသာပင်ကျပ်သိန်း(၁)သောင်း စီမံကိန်း ဆက်သွယ်လှူဒါန်းရန်- မစိုးရိမ်တိုက်သစ် ဂေါပကအဖွဲ့

ဦးလှအောင်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၀၀၃၂၂၉
ဦးကျော်ဇေယျ(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၃၈၅၅
ဦးကင်းဝန်(အဖွဲ့ဝင်) ဖုန်း-၀၉-၅၃၀၃၂၁၃၇
ဦးမြဇော်(အတွင်းရေးမှူး)ဖုန်း-၀၉-၂၀၀၇၃၆၄
ဦးသိန်းငွေအောင်(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၉၇၉၀

ယခင်နေ့မှအဆက်

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၄၇ | ဒေါ်စံကြည်ဆုံကုန်းရပ်၊ ဆင်ဖြူကျွန်းမြို့ | 500000 |
| ၄၈ | ဒေါ်ခင်စိန်၊ ဦးခင်မောင်၊ ဦးမောင်မောင်အေး-ဒေါ်ခင်ခင်မြင့်တို့အားရည်စူး၍ ဦးကျော်ဇံဦး-ဒေါ်တင်တင်သိန်း ၁၆-၁၇ကြား ၈၈လမ်း၊ မန္တလေး | 500000 |
| ၄၉ | ဒေါ်ရီရီထွေး(မန်နေဂျာ) မြန်မာ့စီးပွားရေးဘဏ်၊ မိုးကုတ်မြို့ | 500000 |
| ၅၀ | (၇၁)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဦးတိုး-ဒေါ်သျှမ်းစိန်သရဖူပေါ်ပြူလာချည်ချော လုံချည်မိသားစု | 500000 |
| ၅၁ | ဘိုးဘိုးဦးဇော်ဝင်း-ဘွားဘွားဒေါ်တင်တင်အေး၊ ဖိုးဖိုး ဦးစိုးဝင်းမြင့်-ဖွားဖွားဒေါ်လှမြင့်တို့၏မြေး-ဖေဖေ ကိုကျော်မြတ်သူ၊ မေမေမအိလင်းခိုင်တို့၏သမီးရတနာ၊ မသီရိမြတ်ရတနာ | 300000 |
| ၅၂ | ဖခင်ကြီးဦးကြည်စိန်-မိခင်ကြီး(ဒေါ်သန်းသန်း)တို့ကိုအမှူးထား၍ ကွယ်လွန်သူသမီး ဒေါ်ကြည်သန်း)၆၆နှစ်၊ ကောင်းမှုပြင်ဦးလွင်မြို့နယ် ပင်စုပ်ရွာ | 300000 |
| ၅၃ | ကိုအာကာအောင်-မအေးမြတ်သူ သမီးတော်ဝင်တင့်တယ်မိသားစု | 300000 |
| ၅၄ | ကိုမျိုးကိုကိုမွေးနေ့အလှူ ALL Good Tea Centre မန္တလေးမြို့ | 300000 |
| ၅၅ | ကွယ်လွန်သူဖခင်ကြီးဦးသိန်းထွန်း-မိခင်ကြီးဒေါ်တင်တင်အေးတို့အားရည်စူး၍ ဒေါ်ချိုချိုစိုး၊ မောင်နှစ်မတစ်စုကောင်းမှု | 300000 |
| ၅၆ | ကွယ်လွန်သူ ဦးစိန်ဝင်းနှင့်သားကြီးသမီးကြီးတို့အားရည်စူး၍ ဒေါ်ခင်သန်းထွန်း၊ အမှတ်(၆၃) ၃၉လမ်း၊ ၈၄-၈၅လမ်းကြား မန္တလေး | 300000 |
| ၅၇ | သားကိုမျိုးအောင်၊ ကိုထွန်းအောင်တို့အားရည်စူး၍ ဦးလှမောင်-ဒေါ်ခင်စန်း၊ သမီး ဒေါ်ငွေးကြည်၊ (၅၆)နှစ်ပြည့် မွေးနေ့အလှူ သံ/နောက်မန္တလေး | 300000 |
| ၅၈ | ဦးထွန်းကြိုင်-ဒေါ်စန်းရွှင်၊ ရွာရှည်(တ)အုပ်စု၊ ပေကန်းရွာ၊ တန့်ဆည်မြို့နယ် | 300000 |
| ၅၉ | ဦးတင်မြင့်-ဒေါ်ကြည်အေး၊ သမီး-မမြင့်မြင့်ခိုင်၊ မောင်ဇော်နိုင်ဝင်း-မမြင့်စန္ဒာ"ရွှေခြသေ့်စား သောက်ဆိုင်"မိသားစုရန်ကုန်မြို့ | 300000 |
| ၆၀ | ဦးတိုးအောင်ထွန်း-ဒေါ်ဥမ္မာအေး(မွေးနေ့အလှူ)မိသားစု | 300000 |
| ၆၁ | ဦးကိုလေး-ဒေါ်မြင့်မြင့်စန်း"ချမ်းသာဆေးလိပ်"မိသားစု၊ မန္တလေးမြို့ | 300000 |
| ၆၂ | ဦးအဂ္ဂဥာဏ ရန်ကုန်ကျောင်းတိုက်တောင်ငူမြို့ | 300000 |
| ၆၃ | ဦးသိန်းဇော်-ဒေါ်ကြူကြူဝင်း "ရွှေသန့်ဇင်"လုပ်ငန်း၊ မန္တလေးမြို့ | 300000 |
| ၆၄ | ဦးမြင့်ဝေ(ခ)ဦးတူး-သုဓမ္မသိင်္ဂီဒေါ်သင်းသင်းရီ "စည်သာဖြိုးဆောက်လုပ်ရေးနှင့်အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေး၊ မန္တလေးမြို့ | 300000 |
| ၆၅ | ဦးမြင့်သိန်း-ဒေါ်တင်အေး"ရွှေလိပ်ပြာပီနံအိတ်ရောင်းဝယ်ရေး" မန္တလေးမြို့ | 300000 |
| ၆၆ | ဦးနန္ဒမာလာ၊ ဓမ္မာစရိယစာသင်တိုက်၊ ဥတ္တာလမ်း၊ ရွှေချီရပ်၊ ပျဉ်းမနား၊ နေပြည်တော် | 300000 |
| ၆၇ | ဦးချွန်-ဒေါ်သိန်းသိန်းငွေ "ကြင်ကြင်သိန်းပဲစက်" မိသားစု မန္တလေးမြို့ | 300000 |
| ၆၈ | ဦးခင်အောင်-ဒေါ်ညွန့်ကြည်၊ ငါးနီပဲခွဲစက်နှင့်ကုန်မျိုးစုံရောင်းဝယ်ရေး မဟာအောင်မြေ၊ မန္တလေးမြို့ | 300000 |
| ၆၉ | ဦးဇော်ဝင်းထူး(လားရှိုးမြို့)၊ ဦးမင်းလွင်(လားရှိုးမြို့) | 300000 |
| ၇၀ | ဦးဧ_ယျဓမ္မ ရန်ကုန်ကျောင်းတိုက် မြတ်စောညီနောင်ဘုရား၊ တောင်ငူမြို့ | 300000 |
| ၇၁ | ဦးမောင်မောင်ဝင်း-ဒေါ်ဆန်းယဉ်(အထပြ-ငြိမ်း)မိသားစု၊ မြင်းခြံမြို့ | 300000 |
| ၇၂ | ဦးချော-ဒေါ်သောင်းကြည် "သိန်းကမ္ဘာရွှေဆိုင်" မိသားစု မတ္တရာမြို့ | 300000 |
| ၇၃ | ဒုတိယဗိုလ်မှူးကြီးမောင်ထွန်း-ဒေါ်မြမြရီမိသားစု | 300000 |
| ၇၄ | နှစ်ဖက်သော အဘိုးအဘွားမိဘများနှင့် ခင်ပွန်းဦးတင်လှိုင်တို့အားရည်စူး၍ ဒေါ်သိန်းကြည် အမှတ်(၄၄)၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်၊ ဗဟန်း၊ ရန်ကုန်မြို့ | 300000 |
| ၇၅ | ဗိုလ်ကြီးကြည်မောင်အားရည်စူး၍ ဒေါ်ကြည်စိန် ထ.ပ.ရ.၁၂၁-နန်းတွင်း၊ မန္တလေးမြို့ | 300000 |
| ၇၆ | ဗိုလ်ချုပ်စိုးနိုင်ဦး-ဒေါ်မာမာမြင့် မိသားစုနေပြည်တော် | 300000 |
| ၇၇ | ဒေါ်နီနီလွင်(မဟာအဝေးသင်သင်တန်း) (၅၈)နှစ်ပြည့်မွေးနေ့ အလှူ ရန်ကုန်မြို့ | 300000 |
| ၇၈ | ဒေါ်ခင်ခင်အုန်း၊ သမီး-မယမုံယု၊ မြေး-မမိုးပဇွန်ဆွေ၊ ရန်ကုန်မြို့ | 300000 |
| ၇၉ | ဒေါ်ခင်အေးသွယ်အားရည်စူး၍ ဒေါက်တာဦးဗိုနီသားသမီးမြေးများကောင်းမှု | 300000 |
| ၈၀ | (ဦးဟန်တင်၊ ဦးရဲမြင့်)တို့ကိုရည်စူး၍ ဒေါ်ကြင်မေ၊ မိသားစု၊ ပုဇွန်တောင်၊ ရန်ကုန်မြို့ | 300000 |
| ၈၁ | ဦးအောင်ကျော်ထွန်း-ဒေါ်အတီးမိသားစု အမှတ်-၃၂၊ အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင် ရန်ကုန်မြို့ | 220000 |
| ၈၂ | ဖခင်ဦးဘသင်းနှင့်မိခင်ဒေါ်ယဉ်ယဉ်တို့အားရည်စူး၍ သမီးဒေါ်ငွေးငွေးမြင့်(လ/ထညွှန်မှူး) နန်းရှေ့၊ မန္တလေးမြို့ | 200000 |
| ၈၃ | ဖခင်ကြီးဦးတင်လာ-မိခင်ကြီးဒေါ်ကျော့(ခ)ဒေါ်လင်းချုပ်တို့အားရည်စူး၍ သမီး-ဒေါက်တာခင်သန်းမြင့်၊ ဆရာမ-ဒေါ်တင်ရွှေဒေါက်တာညွှန့်ညွှန့်စိန်၊မိသားစု မန္တလေးမြို့ | 200000 |
| ၈၄ | ကိုအောင်ခင်-မမန်းယုံမိသားစု၊ မန္တလေးမြို့ | 200000 |
| ၈၅ | အရာခံဗိုလ်လှဝင်းအောင်အားရည်စူး၍ ဒေါ်ငြိမ်းငြိမ်းဝင်း၊ သား-မောင်ပြည့်မိုးကျော်၊ မောင်ထက်လွင်အောင်၊ တံခွန်တိုင်၊ အမရပူရမြို့ | 200000 |
| ၈၆ | မုဒိတာသွေးအလှူရှင်နာမှုကူညီရေးအသင်း ၃၇x၃၈ကြား ၇၆လမ်း၊ ကျားတက်တန်းရပ် မဟာအောင်မြေ၊ မန္တလေးမြို့ | 200000 |
| ၈၇ | မိခင်ကြီးဒေါ်ခင်လှ သား/သမီး/မြေးမိသားစု | 200000 |
| ၈၈ | မခိုင်ခိုင်အေးနှင့်ပဲရစ်ရတနာဆိုင်ဝန်ထမ်းများမိသားစု မန္တလေးမြို့ | 200000 |
| ၈၉ | ဦးထွန်းမြင့်ဦး-ဒေါ်ရီရီစန်း မြေး-နိုင်ဖုန်းစျာန်၊ ဇဋ္ဌိလရပ်၊ မန္တလေးမြို့ | 200000 |
| ၉၀ | ဦးထွန်းဝေ-ဒေါ်တင်တင်၊ ၈၂x၈၃လမ်းထောင့်၊ မန္တလေးမြို့ | 200000 |
| ၉၁ | ဦးတင်အောင်-ဒေါ်စိန်တင်အေး(မန္တလေးပုဂံဆိုင်) အောင်လံမြို့ | 200000 |
| ၉၂ | ဦးတင်ရှိန်-ဒေါ်ကြူကြူသမီး-မဝင်းဝင်းမင်း၊ ထန်းတပင်ရပ်၊ အမရပူရမြို့ | 200000 |
| ၉၃ | ဦးအုန်းမြ-ဒေါ်ခင်လှမိသားစု လှည်းတန်း၊ ကမာရွတ်၊ ရန်ကုန်မြို့ | 200000 |
| ၉၄ | ဦးသန်းထွန်းနိုင်-ဒေါ်မာလာ မိသားစုကောင်းမှု၊ စတီးဝင်းရပ်၊ မန္တလေးမြို့ | 200000 |
| ၉၅ | ဦးသန်းနိုင်-ဒေါ်တင်အေး၊ သမီး မမိုးမိုးသန်း ၇-မိုင်၊ ရန်ကုန်မြို့ | 200000 |
| ၉၆ | ဦးသန်းအေး-ဒေါ်သောင်းကြူမိသားစုနှင့်အများကောင်းမှုရန်ကုန် | 200000 |

ဆက်လက်ဖော်ပြသွားပါမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## အခြေခံပညာကျောင်းသုံးစာအုပ် အဖုံး(၄)ရောင် ပုံနှိပ်ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ရိုက်နှိပ်သော အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ အနက်မှ အောက်ပါအရေအတွက်အတိုင်း အဖုံး(၄)ရောင် ပုံနှိပ်ဆောင်ရွက်ရန် ကုန်ကြမ်း ပေးကုန်ချောယူစနစ်(သယ်ယူပို့ဆောင်စရိတ်နှင့် ပုံနှိပ်ခအပါအဝင်)တင်ဒါခေါ်ယူအပ်ပါသည်-

(က) မန္တလေး ၃,၁၂၃,၉၁၄
(ခ) ရန်ကုန် ၄,၇၂၂,၄၄၅

၂။ အိတ်ဖွင့်တင်ဒါများကို (၉-၁၂-၂၀၁၉)ရက်နေ့မှ (၁၈-၁၂-၂၀၁၉)ရက်နေ့အထိ နေ့စဉ်(ရုံးပိတ်ရက်အပါအဝင်)(၉:၃၀)နာရီမှ (၁၆:၀၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါ သည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၈-၁၂-၂၀၁၉)ရက် (၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည် တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၁၂၃၇၄၊ ၀၆၇-၄၃၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၃၁၂၃၇၄၊ ၀၆၇-၄၃၁၂၃၇၅ | ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေး နှင့်စိစစ်ရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၃၄၃၁၂၃၇၄၊ ၀၆၇-၃၄၃၁၂၃၇၅ |

## အမည်ပြောင်း

ဝိုင်းမော်မြို့နယ်၊ နန်ဆန်ယန်ကျေးရွာအုပ်စု၊ လိုင်ဇာကျေးရွာ(ဖော်ဂျိုး)နေ(ဘ)ဦးသောင်းတား၏သား မောင်ဗျာဆာအား မောင်သောင်းဆာဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၉)၊ သတ္တမတန်း(B)မှ မောင်ခွန်ဆိုင်း၊ စတုတ္ထ တန်း(B)မှ မဆွတ်ပိုင်ပန်နှင့် ပထမတန်း(A)မှ မအင်ခွမ်ဆိုင်း မွန်းမိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးအင်ခွမ်နော် ၁/ဝမန(နိုင်) ၀၄၉၈၀၀ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ဒူရိကာဒေဝီ ၁/မကန(နိုင်)၀၈၀၂၅၃၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။
၀၉-၇၉၀၇၃၀၃၇၅

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးသန်းဇော်ဦး ၁/ဝမန(နိုင်)၁၀၆၁၆၁၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။
၀၉-၇၆၁၃၇၈၂၈

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း-သစ်မာသစ်လုံးနှင့်ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်ရက်နှင့်အချိန် - ၁၉-၁၂-၂၀၁၉ရက် နံနက် (၉:၀၀)နာရီ သစ်မာသစ်လုံး(နယ်/ရန်ကုန်)သီးသန့်
(၂၀-၁၂-၂၀၁၉)ရက် နံနက် (၉:၀၀)နာရီ ရန်ကုန်-နယ် ကျွန်း/သစ်မာ(သစ်လုံး/ခွဲသား)
(၂၃-၁၂-၂၀၁၉)ရက် မွန်းတည့် (၁၂:၀၀)နာရီ ရန်ကုန် ကျွန်းသစ်လုံးသီးသန့်

(ခ) ရောင်းချမည့်အမျိုးအစားနှင့်တန်ပမာဏ
- ကျွန်းသစ်လုံး(၁၄၉၆)တန်
- တတိယတန်းနှင့်အထက်ကျွန်းခွဲသား(၁၃၄)တန် (ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန)
- ပျဉ်းကတိုး၊ အင်၊ ကညင်၊ စကားဝါ၊ သဒီ(၂၀၀၂၅)တန်
- သစ်မာသစ်လုံး(၂၀၁၈-၂၀၁၉ထုတ်သစ်များ ပါဝင်ပါသည်။)

(ဂ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် website ဖြစ်သော www.mte.com.mm တွင်လည်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန်-ph;01-3528743,01-377296E-mail;marketing 1ppy@gmail.com

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း

## အမည် ပြောင်း

လှိုင်မြို့နယ်၊အမက(၁၀)လ(ခွဲ)စတုတ္ထတန်း(ဘီ)မှ (ဘ)ဦးဝင်းအောင်ဦး၏သမီး မဆောင်းဇင်ဦးအား ယနေ့မှစ၍မဆောင်းသဇင်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မဆောင်းသဇင်ဦး**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၁၂-၂၀၁၉ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၂)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံအား အဆောက် အဦဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မော်လမြိုင်မြို့နယ်တရားရုံးတော်
## ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် ၇၁

၁။ ဦးကြီးမြင့်(ခ)ဦးကြည်မြင့် နှင့် ၁။ ဒေါ်တင်ညွန့်
၂။ ဦးထွန်းအုံ
၃။ ဦးဘမြင့်
၄။ ဦးဘချစ်
၅။ ဒေါ်ခင်သန်းငွေ
၆။ ဒေါ်မော်မော်စန်း
၇။ ဒေါ်ဝင်းမော်စန်း
၈။ ဦးဝင်းသန်းဦး
၉။ ဦးငွေထွန်း

တရားလို တရားပြိုင်များ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြီးသာယာဝင်း၊ အမှတ်(၃၅)နေ ၈-တရားပြိုင်ဖြစ်သော ဦးဝင်းသန်းဦး(ယခုနေရပ် လိပ်စာမသိ)သိစေရမည်-

သင့်အပေါ်၌ တရားလို ဦးကြီးမြင့်(ခ)ဦးကြည်မြင့်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားဆိုစွဲချက်ရှိသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား လှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၁၀ရက် (၁၃၈၁ခုနှစ် နတ်တော်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၁နာရီတွင်အ ထက်က အမည်ရေးသားပါရှိသူ လျှောက်ထားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် လျှောက်ထားသူက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင် နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် နိုဝင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဝေယံဖြိုးဦး)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မော်လမြိုင်မြို့နယ်တရားရုံး

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးကျော်လင်း ၁၂/လမန(နိုင်)၁၁၄၆၅၂၏ ဇနီး ဒေါ်သင်းဥမ္မာ ကို ၁၄/ပသန(နိုင်)၆၄၆၇၆၈သည် ခင်ပွန်းဖြစ်သူ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေ ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးကျော်လင်း

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ ချောင်းတောင်ကွက်သစ် (၃)လမ်းထိပ် အမှတ်(၆၈၁)နေ ဦးစောရွှေကြည် ၃/ကကရ(နိုင်)၀၂၂၃၂၂နှင့် ဒေါ်နန်းယဉ်ယဉ်အောင် ၃/ကကရ(နိုင်) ၀၂၂၁၉၉ တို့၏သမီး နန်းရွှေယဉ်နွယ် ၃/ကကရ (နိုင်)၁၂၂၂၂၂အား ၈-၁၁-၂၀၁၉ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။(မေးမြန်းစုံစမ်းခြင်း သည်းခံပါ)

ဦးစောရွှေကြည်နှင့်
ဒေါ်နန်းယဉ်ယဉ်အောင်

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်
## ရုံးသုံး၊ လုပ်ငန်းသုံး၊ ပရိဘောဂပစ္စည်းများ ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး၊ လုပ်ငန်းသုံး၊ ပရိဘောဂပစ္စည်းများကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| | **ပရိဘောဂပစ္စည်း** | |
| ၁ | အရာရှိစာရေးစားပွဲ ပေ(၅ x ၃) | 10 Nos |
| ၂ | ကုလားထိုင်(လက်တန်းပါ) | 10 Nos |
| ၃ | ဖိုင်တင်စင် | 2Nos |
| ၄ | စာရေးစားပွဲ ပေ( ၅ x ၃ x ၂ ၁/၂) | 2Nos |
| ၅ | သစ်သားစားပွဲကုလားထိုင် ပေ(၄ x ၂ ၁/၂) | 3 Sets |
| ၆ | သစ်သားကုလားထိုင်(လက်တန်းပါ) | 11Nos |
| ၇ | ကုလားထိုင် (လက်တန်းမပါ) | 3 Nos |
| ၈ | အစည်းအဝေးခန်းသုံးကုလားထိုင် | 8 Nos |
| ၉ | ဆက်တီ<br>(က) Centre Table (1 No)<br>(ခ) Double Chair (1 No)<br>(ဂ) Single Chair (4 Nos) | 2 Sets |
| ၁၀ | ပလတ်စတစ်ထိုင်ခုံ (လက်တန်းပါ) | 250 Nos |
| ၁၁ | စကားပြောစင် | 1 No |
| ၁၂ | Counter Chair | 1 No |
| ၁၃ | သံစင် ပေ(၄ x ၁.၄ x ၆) (၅ ဆင့်) | 5 Nos |
| ၁၄ | လက်တွန်းလှည်း (Steel) | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၅-၁၂-၂၀၁၉)ရက်မှ (၁၂-၁၂-၂၀၁၉)ရက်အထိ နေ့စဉ်နံနက် (၉:၃၀)နာရီမှ ညနေ (၁၆:၀၀)နာရီ ရုံးဖွင့် ရက်အတွင်း အောက်ပါလိပ်စာတွင် တစ်စောင် ၂၀၀၀/-ကျပ်နှုန်းဖြင့်လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရမည်။

၃။ ဈေးနှုန်းမပါသော Specification& Catalogue များကို (၂၄-၁၂-၂၀၁၉)ရက်မှ (၃-၁-၂၀၂၀)ရက် အထိ နံနက် (၉:၃၀)နာရီမှ ညနေ (၁၆: ၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၇)နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို စဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက-ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၁၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန် လိပ်စာ** |
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **ပြည်တွင်းပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ရုံးအမှတ်(၇)စီမံရေးရာဌာနခွဲ၊ နေပြည်တော်** | **ရုံးအမှတ်(၇)နေပြည်တော်** |
| **ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၀၅** | **ဖုန်း-၀၆၇-၄၁၂၃၉၀** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရန်ကုန်မြို့-အရိုးရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် လူနာများအား ကုသပေးရန်လိုအပ်သည့် အောက်ဖော်ပြပါဆေးပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။
(၁) အသိအမှတ်ပြုဆေးဝါးများနှင့်လူနာသုံးဆေးပစ္စည်းများ
(၂) ခတ်မှန်ဖလင်နှင့်ဆေးရည်များ
(၃) ခတ်ခွဲနှင့် သက်ဆိုင်သောပစ္စည်းများ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - (၉-၁၂-၂၀၁၉)(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၈-၁-၂၀၂၀)(ဗုဒ္ဓဟူးနေ့) ညနေ(၄:၀၀)နာရီ။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး**
**ဖုန်း ၀၁-၅၂၇၀၈၇၊ ၅၂၇၀၈၈**

## တင်ဒါကြော်ငြာ

ဒဂုံမြို့နယ်၊ အမှတ်(၂၈၈/၂၉၀)ရွှေတိဂုံဘုရားလမ်း၊ ယောမင်းကြီးရပ်ကွက်ရှိ MWEA Tower (၁၂)ထပ်အဆောက်အအုံတွင် အဆောက်အအုံ၏ အပြင်ပိုင်း မျက်နှာ(၄)ဘက်နံရံများဆေးသုတ်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူများ ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ၁၃-၁၂-၂၀၁၉ ရက်နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များကို MWEA Tower သာယာရေးကော်မတီကြီးကြပ်ရေးမှူးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဖုန်း ၀၁-၃၇၅၁၂၂၊ ၀၉-၂၅၀၅၁၆၇၇၆**
**MWEA Tower သာယာရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရေအားလျှပ်စစ်စီမံကိန်းများအတွက် Automatic and Telemetry Unit (1) Lot ဝယ်ယူတပ်ဆင်ခြင်းအား D.D.P(Paung Laung)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**စဉ်** **တင်ဒါအမှတ်**
(က) 50/DHPI/Automatic and Telemetry Unit/2019-2020

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့်ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၇-၁-၂၀၂၀ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၉၀**

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါရေကာတံတိုင်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်မည့်လုပ်ငန်း
ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်၊ လမ်းမတော် ဆိပ်ကမ်းနယ်မြေရှိ လမ်းမတော် အမှတ်(၂)ဆိပ်ခံဇောတံတားနှင့် စဥ့်အိုးတန်းအမှတ်(၂)ဆိပ်ခံဇောတံတားကြားရှိ ရေကာတံတိုင်း ပျက်စီးနေမှုများအား ပြုပြင်ပေးခြင်းလုပ်ငန်း။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်နှင့်အချိန်** - ၇-၁၂-၂၀၁၉ရက်မှ ၂၁-၁၂-၂၀၁၉ရက် အထိ (ရုံးချိန်အတွင်း)

